Voice of Burma

Published by Voice of Burma Information Group Issue No. 716 June 28, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN
Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp

# တရားခွင်မှာ တရားဥပဒေစိုးမိုးမှုမရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောဆို

**VOA ၊ ဂျွန် ၂၂ ။** ။ တားမြစ်ချက်ကိုချိုးဖောက်တယ်လို့စွပ်စွဲပြီး တရားစွဲဆိုခြင်းခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်က သူ့ကိုကြားနာနေတဲ့ တရားခွင်မှာ တရားဥပဒေစိုးမိုးမှုမရှိတဲ့အခြေအနေတွေကို သူ့ရဲ့ဥပဒေအကျိုးဆောင်တွေနဲ့ တိုင်ပင်ဆွေးနွေးခဲ့တယ်လို့ ရှေ့နေတွေကပြောပါတယ်။ သူ့ကိုဖမ်းဆီးထားရာ ရန်ကုန်မြို့က အင်းစိန်ထောင်မှာ ရှေ့နေတွေနဲ့တွေ့ဆုံပြီး အခုလိုပြောဆိုလိုက်တာဖြစ်ပါတယ်။

ဖမ်းဆီးထိန်းသိမ်းခံနေရပြီး တရားစွဲဆိုခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်က သူ့ကိုကြားနာစစ်ဆေးနေတဲ့ တရားခွင်ရဲ့ မမျှတမှုတွေနဲ့ပတ်သက်လို့ ဥပဒေအကျိုးဆောင်တွေနဲ့ တိုင်ပင်နှီးနှောတာတွေလုပ်ခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သူနဲ့အတူစွပ်စွဲခံထားရတဲ့ အဖော်အဖြစ်နေထိုင်သူ ၂ ဦးနဲ့ သူတို့ရဲ့ရှေ့နေ ၄ ဦးတို့နဲ့ ၂ နာရီလောက်ကြာ တွေ့ဆုံဆွေးနွေးမှုတွေအတွင်း အဲဒီလိုပြောဆိုလိုက်တာဖြစ်ပါတယ်။ အဲဒီအထဲက ဥပဒေအကျိုးဆောင်တဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းပြောပြတာကတော့...

"၃ နာရီခွဲကနေ ၅ နာရီခွဲအထိ ကျနော်တို့တွေ့ဖြစ်ပါတယ်၊ ရှေ့နေ ၄ ယောက်လုံးပါပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရော၊ ဒေါ်ခင်ခင်ဝင်းရော၊ ဝင်းမမရော သူတို့လည်းလာပါတယ်။ အကြောင်းအရာအနေနဲ့ကတော့ မူလအမှုပေါ်မှာ အမြင်တွေ၊ အကြောင်းအရာအမြင်၊ ဥပဒေအမြင်ဆွေးနွေးကြတယ်။ နောက်ဗဟို တရားရုံးမှာ ရှိနေတဲ့အမှုအခြေအနေနဲ့ပတ်သက်ပြီးတော့လည်း ဆွေးနွေးကြတယ်။ အမှုအကြောင်းအရာအဓိကဆွေးနွေးပါတယ်။

တရားဥပဒေစိုးမိုးမှု၊ ဒီအမှုမှာဘယ်နေရာတွေမှာတာဝန်ရှိတယ်၊ ဘယ်သူ တွေတာဝန်ရှိတယ်၊ Transparency မရှိတာတွေ၊ ဒီဟာတွေအားလုံးကို သူဆွေးနွေးတယ်။ အခွင့်အရေးနဲ့တာဝန်ပေ့ါ။ အခွင့်အရေးရှိရင် တာဝန်လည်းရှိရမယ်။ ဒီဟာတွေနဲ့ပတ်သက်ပြီး မညီညွတ်တာတွေ၊ Rule of Law နဲ့မညီညွတ်တာတွေ အဲဒါတွေကိုဆွေးနွေးကြတာပေ့ါ။"

အခုအချိန်အထိတော့ အင်းစိန်တရားခွင်က ဒေါ်အောင်ဆန်းစုကြည်ဘက်က ခုခံချေပပေးမယ့် သက်သေ ၄ ယောက် တင်ပြထွက်ဆိုခွင့်တောင်းထားပေမယ့် ၂ ယောက်သာရထားတာဖြစ်ပါတယ်။ ဒါပေမယ့် တရားလိုအဖြစ် တရားစွဲဆိုထားတဲ့ အာဏာပိုင်တွေဘက်ကတော့ သက်သေ ၁၄ ယောက်အထိ ရုံးတော်မှာ ထွက်ဆိုခွင့်ရခဲ့တာမို့လို့လည်း ဒါဟာ တရားမျှတမှုမရှိဘူးဆိုပြီး ရှေ့နေတွေကပြောထားတာပါ။

ဒီအတွက်လည်း နောက်ထပ်ကျန်သက်သေ ၂ ဦးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်လိုဘဲ နေအိမ်အကျယ်ချုပ်ကျခံနေရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဒု–ဥက္ကဌဦးတင်ဦး၊ နောက်အတွင်းရေးမှူးဦးဝင်းတင်တို့ကိုပါ တရားခွင်မှာ ထွက်ဆိုခွင့်ရဘို့ဆက်ပြီးကြိုးစားနေကြတာဖြစ်ပါတယ်။ အဲဒီအတွက် တရားရုံးချုပ်ကို ပြင်ဆင်ချက်တင်သွင်းထားတာ ကြားနာဘို့ကိုလည်း လာမယ့်ဗုဒ္ဓဟူးနေ့မှာ ရက်သတ်မှတ်ထားပါတယ်။

ဒီအတွက်ကြောင့် မူလကရန်ကုန်အင်းစိန်ထောင်အတွင်းမှာ တံခါးပိတ်ကြားနာနေတဲ့ တရားခွင်ကိုသောကြာနေ့မှာချိန်းဆိုထားပေမယ့် အပြောင်းအလဲတွေရှိလာဘို့မျှော်လင့်ရကြောင်း ဦးဉာဏ်ဝင်းကပြောပါတယ်။ အခုနောက်ဆုံး ဥပဒေအကျိုးဆောင်တွေနဲ့တွေ့ဆုံရာမှာတော့ အမှုကိစ္စတွေ ဆွေးနွေးခဲ့တာတွေအပြင် ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ ၆၄ နှစ်ပြည့်မွေးနေ့မှာ သူ့ကိုထောက်ခံသူ တွေရဲ့အားပေးမှုတွေအပေါ် တုန့်ပြန်သတင်းစကားပြောခဲ့တယ်လို့လည်း ဦးဉာဏ်ဝင်းကဆိုပါတယ်။

"ဒီကာလမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့နဲ့ပတ်သက်ပြီး ပြည်တွင်းကရော၊ ပြည်ပကရော ဆုတောင်းပေးတာတွေ၊ အဲဒါတွေအားလုံးအတွက်ကို သူက ကျေးဇူးတင်ကြောင်းပြောပေးပါ။ တဦးချင်းအနေနဲ့ ဒီလိုကျေးဇူးတင်ကြောင်းပြောနိုင်ခြင်းမရှိသေးတာကိုလည်း နားလည်ပေးကြပါဆိုပြီး အဲဒါတော့ ပြောခိုင်းပါတယ်။"

*မွေးနေ့တုန်းက ဒံပေါက်ကျွေးတယ်ဆိုတာရော အထဲမှာလုပ်ဖြစ်သွားတာပေ့ါ။*

"လုပ်ဖြစ်ပါတယ်။ အားလုံးအစဥ်ပြေပါတယ်တဲ့။ ကျနော်တို့လည်းမေးတော့ သူနဲ့အတူတူနေထိုင်တဲ့ လုံခြုံရေးအမျိုးသမီးဝန်ထမ်းတွေ၊ နောက်သူနေတဲ့ အိမ်ခြံဝင်းဝန်းကျင်မှာ ချထားတဲ့လုံခြုံရေးရဲဘော်တွေ၊ အားလုံးကိုသူကျွေးတာပါ။"

မစ္စတာဂမ်ဘာရီမြန်မာ ပြည်သွားကြောင်း ကုလသမဂ္ဂအတည်ပြုပြောဆို
စာမျက်နှာ ၂

ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏ရှေ့နေများ ယနေ့ ၂ နာရီကြာဆွေးနွေးခွင့်ရ
စာမျက်နှာ ၅

ဦးတင်ဦးနဲ့ ဦးဝင်းတင်တို့ကို သက်သေအဖြစ်လက်မခံဘို့ စစ်အစိုးရရှေ့နေတင်ပြ
စာမျက်နှာ ၁၃

ထိုင်း အစိုးရကအလုပ်သမား လက်မှတ်သစ် နှစ်သန်း ထုတ်ပေးမည်
စာမျက်နှာ ၁၆

ဆံပင် လျှော်ဒါန်းပြီး ရရှိတဲ့ငွေနဲ့ လမ်းကြိတ်တားများအား ပြန်လည်ပြုပြင်
စာမျက်နှာ ၁၈

VOB အာဘော်

# ကမ္ဘာကိုခြေစုံကန်၍ အာခံကြသူများကို နှိပ်ကွပ်ရေး

ညျူကလီယားစမ်းသပ်မှုများမပြုရ၊ ဒုံးကျည်ဆိုင်ရာနည်းပညာများအစိတ်အပိုင်းများကို ထုတ်လုပ်ခြင်းများ မပြုရဟု ကုလသမဂ္ဂက မြောက်ကိုရီးယားအပေါ် ဆုံးဖြတ်ချက်သတ်မှတ်ကာ မလိုက်နာမနေရဟု ဆိုထားသည်။ ဤသည်က နိုင်ငံတကာ၏သဘောထားအမြင်ဖြစ်သည်၊ သို့သော်မြောက်ကိုရီးယားက ဤသဘောထားကို မျက်ကွယ်ပြုကာ မိမိတို့လုပ်ကိုင်ဆောင်ရွက်လိုသည့်အရာများကို လုပ်ဆောင်နေခဲ့သည်။ ပြည်သူပြည်သားများအား ဒုက္ခအကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ရစေရန် အကွက်ကျကျစီစဉ်ဖန်တီးပြီး တချိန်တည်းမှာပင် ဒေသတွင်းနိုင်ငံများကို သာမက ကမ္ဘာကိုပါ ခြိမ်းခြောက်နိုင်သည့်လက်နက်များကို တိုးတက်လုပ်ဆောင်နေပေသည်။

မြန်မာနိုင်ငံတွင်လည်း အာဏာရှင်စစ်အုပ်စုက ပြည်သူပြည်သားများကို ဒုက္ခအကျပ်အတည်းများကြုံတွေ့နေစေပြီး ထိုသံသရာထဲမှ ရုန်းထွက်၍မရစေရန် နည်းမျိုးစုံဖြင့်နှိပ်ကွပ်လျက်ရှိသည်။ နိုင်ငံရေးအရ၊ လူ့အခွင့်အရေးအရ ဖောက်ဖျက်ကျူးလွန်မှုများကို ရပ်တန့်ကာ အတိုက်အခံဖြစ်နေသောသူများ၊ ဒီမိုကရေစီ အင်အားစုများနှင့် တွေ့ဆုံဆွေးနွေးမှုပြုကာ စစ်မှန်သည့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းက သတိပေးခြင်း၊ တိုက်တွန်းခြင်းများပြုလုပ်လျက်ရှိသည်။ သို့သော် နအဖစစ်အာဏာရှင်များသည် ထိုနိုင်ငံတကာသဘောထားများကိုလျစ်လျူရှုကာ မိမိတို့လျှောက်လှမ်းနေသည့် ဖိနှိပ်ခြိမ်းခြောက်ရေးလမ်းကို ဆုံးခန်းတိုင်ရောက်စေရန် လျှောက်လှမ်းနေဆဲဖြစ်သည်။ တချိန်တည်းမှာပင် မိမိတို့ အာဏာဆက်လက်ချုပ်ကိုင်နိုင်ရေးအတွက် မြောက်ကိုရီးယားကဲ့သို့သောနိုင်ငံများနှင့် မိတ်ဘက်ပြုကာ ကမ္ဘာကိုခြေစုံကန်ကာ အာခံနိုင်ရေးကို ကြိုးပမ်းလာသည်။

အမှန်စင်စစ်တွင်မူ မြောက်ကိုရီးယားနှင့် မြန်မာကဲ့သို့သော နိုင်ငံများကို အုပ်ချုပ်နေသူများ အဓိကအားကိုးအားထားပြုသည်မှာ လက်နက်များနှင့် ဖိနှိပ်ရေးနည်းလမ်းများသာဖြစ်သည်။ လူထုကို အားကိုးခြင်းမရှိပေ။ အားကိုး၍လည်းမရပေ၊ အကြောင်းမှာ လူထုသည် ဆင်းရဲမွဲတေမှု၊ အကျပ်အတည်းဒုက္ခများကြား ထဲတွင် ကျင်လည်နေရသည့်အတွက် ရုပ်ပိုင်းဆိုင်ရာအရ၊ စိတ်ပိုင်းဆိုင်ရာအရ၊ အသိပညာပိုင်းဆိုင်ရာအရ အားနည်းကြသူများဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့အင်အားတောင့်တင်းခိုင်မာရေးတွင် အဓိကအကျဆုံးဖြစ်သော လူသားအရင်းအမြစ်ကို အသုံးချနိုင်ခြင်းမရှိပေ။ ဤသည်က အာဏာရှင်နိုင်ငံများ၏အားနည်းချက်ဖြစ်သည်။

ထိုအားနည်းချက်များကို ဖုံးဖိုးတိုးတက်သောနိုင်ငံများက အမိအရကိုင်တွယ်ပြီး နိုင်ငံတကာသဘောထားကို ပမာမခန့်ပြုသူများအား ထိရောက်စွာဆုံးမနိုင်ရန် အရေးကြီးသည်။ အာရှတွင် အိန္ဒိယ၊ ပါကစ္စတန်၊ တရုတ်၊ မြောက်ကိုရီးယားတို့တွင် ညျူကလီယားလက်နက်များရှိနေပြီဖြစ်သည်။ အီရန်သည်လည်း ညျူကလီယားလက်နက်ပိုင်ဆိုင်နိုင်ရေးအထိ လုပ်ဆောင်နိုင်သည့်အဆင့်ကိုတက်လှမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ နအဖစစ်အာဏာရှင်များသည် မြောက်ကိုရီးယားလမ်းစဉ်ကို လိုက်ရန်ကြိုးပမ်းနေသည်ကိုတွေ့မြင်နေရသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် လူ့အခွင့်အရေးကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတကအသိုင်းအဝိုင်းကပေးနေသည့် ဖိအားကို အာခံနိုင်ရေးအတွက် ညျူကလီယားပိုင်ဆိုင်နိုင်ရန်ကြိုးပမ်းနေသည့်လက်စလက်နများကို စတင်တွေ့ရှိနေရသည်။ အာရှတွင် အီရန်နှင့်မြောက်ကိုရီးယားတို့၏ညျူကလီယားပြဿနာက နိုင်ငံတကာအသိုင်းအဝိုင်းကို ခေါင်းခဲစေပေသည်။ ထို့ကြောင့် နောက်ထပ်ခေါင်းခဲစရာ ပြဿနာတခု မြန်မာနိုင်ငံတွင် မပေါ်ပေါက်စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းသည် နအဖစစ်အာဏာရှင်များခေါင်းမထောင်နိုင်ရန် ယခုကတည်းက နှိပ်ကွပ်ရမည်ဖြစ်သည်။ ထိုကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာ့အရေးကို အလေးထားပြီး မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ကြိုတင်လက်ဦးမှုယူကာ နှိပ်ကွပ်ရေးနည်းလမ်းများကို လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်နေပြီဟု ရေးသားလိုက်ရပေသည်။

---

# မစ္စတာဂမ်ဘာရီမြန်မာပြည်သွားကြောင်း ကုလသမဂ္ဂအတည်ပြုပြောဆို

**VOA ၊ ဇွန် ၂၄ ။ ။** ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး Mr.Ibrahim Gambari ဟာ မြန်မာနိုင်ငံကိုသွားရောက်တဲ့အကြောင်း ကုလသမဂ္ဂက အတည်ပြုပြောဆိုလိုက်ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရဘက်က တရားစွဲဆိုနေတဲ့အချိန်မှာ Mr.Gambari သွားရောက်တာဖြစ်ပါတယ်။ ကြိုတင်ကြေညာထားခြင်းမရှိဘဲ သွားရောက်တဲ့ခရီးစဉ်ဟာ အတွင်းရေးမှူးချုပ် Ban Ki-moon ကိုယ်တိုင် သွားရောက်မယ့်ခရီးစဉ်တခု ဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်တွေလည်းရှိနေပါတယ်။

အတွင်းရေးမှူးချုပ်ရဲ့အထူးအကြံပေး Mr.Gambari ဟာ မြန်မာနိုင်ငံကို သွားနေပြီဆိုတာကို ကုလသမဂ္ဂက ဒီကနေ့အတည်ပြုပြောဆိုပါတယ်။ ဒီခရီးစဉ်နဲ့ပတ်သက်လို့ ကြိုတင်မကြေညာခဲ့တာကိုကြည့်ရင် ကုလသမဂ္ဂဘက်က စစ်အစိုးရနဲ့စေ့စပ်ညှိနှိုင်းပြီး ခရီးစဉ်မစခင် အထူးသိမ်သိမ်မွေ့မွေ့နဲ့ ကိုင်တွယ်နေပုံရပါတယ်။ အထူးသဖြင့် Mr.Gambari အနေနဲ့ ခရီးစဉ်အတွင်းမှာ စစ်အစိုးရဘက်က နိုင်ငံရေးအရ အသုံးချခံရတာမျိုးမဖြစ်အောင် ရလဒ်တစုံတရာထွက်ပြီး ခရီးစဉ်ကအပြန် မျက်နှာပန်းလှအောင် ကြိုးပမ်းနေရတယ်လို့ မြန်မာ့အရေးလေ့လာသူတွေက သုံးသပ်ကြပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ရိုက်တာသတင်းတပုဒ်မှာတော့ အနောက်တိုင်းသံတမန်တချို့ရဲ့ ပြောဆိုချက်ကိုကိုးကားပြီး မြန်မာစစ်အစိုးရက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Ban Ki-moon ကို လာမယ့်ဂျူလိုင်လအတွင်း မြန်မာနိုင်ငံလာဘို့ ဖိတ်ကြားထားတယ်လို့ ဖော်ပြပါတယ်။ အတွင်းရေးမှူးချုပ်ဘက်က ဒီဖိတ်ကြားချက်ကို လက်ခံမယ် လက်မခံဘူးဆိုတာ မသိရသေးပါဘူး။ ဒါပေမယ့်လည်း အတွင်းရေးမှူးချုပ်ရဲ့ခရီးစဉ်ကို စစ်အစိုးရဘက်ကဝါဒဖြန့်ဘို့ အသုံးချတာမျိုးဖြစ်သွားမှာ ကုလသမဂ္ဂက စိုးရိမ်နေတယ်လို့ ကုလသမဂ္ဂသတင်းရပ်ကွက်က ပြောတဲ့အကြောင်း ကိုးကားရေးသားထားပါတယ်။

ဒါပေမယ့်လည်း ကမ္ဘာ့ကုလသမဂ္ဂဟာ စစ်အစိုးရကို ထိထိရောက်ရောက် နားချနိုင်တဲ့အခြေအနေမျိုးမှာ မရှိဘဲ၊ စစ်အစိုးရကိုအပျော့ဆွဲ ဆွဲနေရတဲ့အခြေအနေမျိုးမှာသာ ရှိနေတယ်ဆိုပြီး မြန်မာ့ဒီမိုကရေစီအင်အားစုတွေ အားမလိုအားမရ ဖြစ်နေကြပါတယ်။ ဒီလို အားမလိုအားမရဖြစ်နေသူတွေထဲမှာ NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းတင်လည်းပါပါတယ်။

“သူတို့ဟာ စစ်အစိုးရကို လာများချော့ချင်နေလို့လား၊ ချော့ချင်နေတာလား၊ ဒါမှမဟုတ် စစ်အစိုးရကိုလာပြီး မျက်နှာချိုသွေးချင်နေလို့လား။ ဒီလိုသဘောနဲ့များဖြစ်လို့ တိုးတိုးတိတ်တိတ် ကြိတ်ကြိတ်လုပ်နေတာလား။ ဒီလိုကျနော်သံသယဖြစ်မိတယ်။ သို့သော် ဒါက ကျနော့်ရဲ့သံသာပေါ့ဗျာ။ ထားပါတော့၊ ဒါတွေ

တဖက်သို့

# လုံခြုံရေးအတွက် ဒေါ်အောင်ဆန်းစုကြည် ပူးပေါင်းမှုမရှိဟု ရဲချုပ်ခင်ရီပြောဆို

**VOA၊ ဇွန် ၂၅။ ။** ဒေါ်အောင်ဆန်းစုကြည်ဟာ သူကိုယ်တိုင်ရဲ့လုံခြုံရေးအတွက် တာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်ဘို့အားနည်းခဲ့တယ်လို့ မြန်မာစစ်အစိုးရ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ပြောလိုက်ပါတယ်။

John William Yettaw ပထမအကြိမ်အိမ်ထဲဝင်ရောက်ခဲ့တဲ့ဖြစ်ရပ်ကို ညွှန်းဆိုပြီး အဲဒီလိုပြောဆိုခဲ့တာပါ။ ဒီပြောဆိုချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဘက်ကတော့ ပယ်ချလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ လုံခြုံရေးအရ တာဝန်ရှိတပ်ဖွဲ့ဝင်များကို တိုက်ရိုက်ချက်ချင်း သတင်းပေးပို့သင့်ပါလျက်အခင်းဖြစ်ပွားပြီး ၄ ရက်အကြာ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ကျမှသာ ဒေါက်တာတင်မျိုးဝင်းကတဆင့် သတင်းပို့ခဲ့တဲ့အတွက်ကြောင့် သဲလွန်စတွေရဘို့ ခက်ခဲပြီး အဖြစ်မှန်ဖော်ထုတ်နိုင်ခြင်းမရှိခဲ့ဘူးလို့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ပြောသွားပါတယ်။

ဒီအပေါ်အခြေခံပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ သူကိုယ်တိုင်ရဲ့လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ဘို့ အားနည်းခဲ့တယ်လို့ ဆိုသွားပါတယ်။ ဒီကနေ့ နေ့လည် ၂ နာရီက ရန်ကုန်မြို့ မူးယစ်ဆေးဝါးဆန့်ကျင်ရေးပြတိုက်မှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ပြောကြားသွားတာဘဲဖြစ်ပါတယ်။ လွတ်လပ်တဲ့လူတယောက်ဆိုရင် လုံခြုံရေးအတွက်တာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်ဘို့ဆိုတာ လွယ်ကူပေမယ့် အကျဉ်းကျနေသူတယောက်အနေနဲ့ လုံခြုံရေးအတွက်ပူးပေါင်းဆောင်ရွက်ဘို့ဆိုတာ မဖြစ်နိုင်ဘူးလို့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်ကပြောပါတယ်။

"အကျဉ်းသားတယောက်ရဲ့ခံစားမှု၊ အကျဉ်းသားတယောက်ဘက်က တုန့်ပြန်မှုက ဒီအတိုင်းဘဲရှိတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျနော်ကိုယ်တိုင်က နှစ်ပေါင်းများစွာ ထောင်ထဲမှာနေခဲ့ဘူးတယ်။ ကျနော်တို့ကိုမကြာခဏ ထောက်လှမ်းရေးက ကျနော်တို့အခန်းနားကိုလာကပ်တယ်ဗျာ။ ကျနော်တို့တံခါးရှေ့ကိုလာပြီးတော့ ဂျစ်ဂျစ် ဂျစ်ဂျစ်ဆိုပြီးတော့ သော့တွေဘာတွေကိုလှုပ်လားပြုလားလုပ်တာတွေရှိတယ်။ မှောင်ထဲမှာဆိုတော့ ကျနော်တို့က ဒီဟာတွေ ရှိသမျှဟာတွေကို တာဝန်ရှိတဲ့လုံခြုံရေးအနေနဲ့ ဘာမှပူးပေါင်းဆောင်ရွက်ပြီး ဘယ်တုန်းက ဘာကြားတယ်၊ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောနေစရာအကြောင်းမရှိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျနော်တို့က အကျဉ်းသားအနေနဲ့နေရတာ သူတို့ကစောင့်ရှောက်နေတာမဟုတ်ဘူး၊ ဒေါ်စုကိုချုပ်နှောင်ထားတာ။

အဲဒီအခါမှာ ဒေါ်စုက သူမြင်သမျှ၊ ကြားသမျှ ဟိုဟာ ဒီဟာအကုန်လုံး၊ ဒါတွေအကုန်လုံးဟာ လုပ်စားချင်ရင် ထောက်လှမ်းရေးကသာ လုပ်မယ်လို့သူတွက်ရင်တွက်မှာပေ့ါ။ ဒီ နိုင်ငံခြားသားလာတာဆိုရင်လည်း ထောက်လှမ်းရေးက လွှတ်တာလို့ဘဲ သူတွက်ရင်တွက်မှာပေ့ါ။ အဲဒါကြောင့် အကုန်လုံးကိုဒေါ်စုက သူတို့နဲ့ပူးပေါင်းဆောင်ရွက်ဘို့ဆိုတာ လုပ်ချင်မှလုပ်မယ်။ ဒါ သူ့ရဲ့ Mentality၊ အကျဉ်းသားစိတ်ဓာတ်၊ အကျဉ်းသားခံစားမှုနဲ့ တုန့်ပြန်မှုဟာ အကျဉ်းသားပုံစံနဲ့ဘဲရှိမယ်။ ပုလိပ်က ရပ်ကွက်ထဲလုံခြုံရေးစောင့်ရှောက်နေတာ၊ ကင်းလှည့်စောင့်ရှောက်နေတဲ့ အရပ်သူ အရပ်သားတွက်ပုံမျိုးနဲ့တွက်ချင်မှတွက်မယ်။ ဒါကို ကျနော်ပြောချင်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ဆရာဝန် ဒေါက်တာတင်မျိုးဝင်းဟာ ဒေါ်အောင်ဆန်းစုကြည်အိမ်ထဲကို ဝင်ချင်တိုင်းဝင်လို့ရတာမဟုတ်ဘဲ ကြာသပတေးနေ့ကျမှသာ ဝင်ခွင့်ရတဲ့အတွက် အခုလိုလုပ်တာဟာ မှန်ကန်တယ်လို့ ဦးဝင်းတင်ကသုံးသပ်ပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ဘက်က လုပ်တာ မှန်ကန်တိကျတယ်လို့ပြောနိုင်တာ ဘာလည်းဆိုတော့ ဒေါ်အောင်ဆန်းစုကြည်က ကိုယ့်ကိုချုပ်နှောင်ထားတဲ့လူတွေနဲ့သွားပြီးတော့ သူ့စိတ်ထဲမှာအရိပ်အရောင်မြင်တာနဲ့၊ ဟိုကိစ္စ ဒီကိစ္စမြင်တာနဲ့ သွားပြောမနေနိုင်ဘူး။ တရားဝင်ဘဲပြောမယ်။ တရားဝင်ပြောရင် ဘယ်လိုပြောမလဲ။ သူပြောနိုင်တာ ဒေါက်တာတင်မျိုးဝင်းကဘဲပြောနိုင်မယ်။ အဲဒါကြောင့် ဒေါက်တာတင်မျိုးဝင်းကို ပြောပါလို့ ဒေါက်တာတင်မျိုးဝင်းလာတဲ့ ကြာသပတေးနေ့ကျမှ သူကအကြောင်းကြားတာ။"

သတင်းစာရှင်းလင်းပွဲအတွင်း မစ္စတာယက်တောနှင့်ပတ်သက်လို့လည်း ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက အကျယ်တဝင့်ပြောဆိုခဲ့ပါတယ်။ မစ္စတာဂျွန်ဝီလီယံယက်တောဟာ ဉာဏ်ရည်ဉာဏ်သွေးကောင်းပြီး ဆင်ခြင်သုံးသပ်နိုင်စွမ်းအားမြင့်မားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ စိတ်ဝေဒနာရှင်၊ ကျပ်မပြည့်သူတဦးဆိုတာ မဟုတ်မှန်ပါဘူးလို့ဆိုပါတယ်။ မစ္စတာယက်တောဟာ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကို ရောက်တဲ့အချိန်မှာ အင်အားချည့်နဲ့မောပန်းပြီး ခြေထောက်ကြွက်တက်တဲ့ဝေဒနာကို ပြင်းထန်စွာခံစားခဲ့ရတယ်။ သွေးတွင်းသကြားဓာတ်လျော့နည်းတဲ့အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ ထွက်ဆိုခဲ့ပေမယ့် ဖမ်းဆီးရမိပြီးတဲ့နောက် ကျန်းမာရေးစစ်ဆေးမှုတွေ ပြုလုပ်ပြီးတဲ့အခါမှာတော့ အဲဒီရောဂါတွေကို မတွေ့ရဘူးလို့ ဆိုသွားပါတယ်။

အခုလို အိမ်ထဲကိုဒုတိယအကြိမ် လျှို့ဝှက်ဝင်ရောက်သွားနိုင်တဲ့အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စစ်ဆေးနေပြီးတော့ အဲဒီဖြစ်ရပ်အတွက် တာဝန်ပေါ့လျော့သူတွေ တွေ့ရှိမယ်ဆိုရင် အရေးယူမှုတွေ လုပ်သွားမယ်လို့လည်း ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ပြောကြားသွားပါတယ်။

ဦးဝင်းတင်ကတော့ မစ္စတာယက်တောကို ဒေါ်အောင်ဆန်းစုကြည် နှင်မထုတ်ခဲ့တာဟာ လူသားစိတ်ဓာတ်ရှိတဲ့ ဘယ်လိုလူတွေမှာမဆို တွေ့ရတဲ့ရိုးရိုးစိတ်ထားသာဖြစ်တဲ့အတွက် လူသားစိတ်ဓာတ်မရှိသူတွေအဘို့ နားလည်နိုင်မှာမဟုတ်ဘူးလို့ ပြောဆိုခဲ့ပါတယ်။

---

က သူတို့ကိစ္စဆိုတော့ ကျနော်တို့ဘာမှသိပ်ပြီး ပြောစရာမရှိပါဘူး။ ဒါက ကျနော့ရဲ့သံသယပါ။"

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာ့အရေးနဲ့ပတ်သက်လို့ ချဉ်းကပ်တဲ့နေရာမှာ စစ်အစိုးရကျင်းပမယ့်ရွေးကောက်ပွဲကို တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင်ဘဲ တွန်းအားပေးတဲ့အဆင့်မှာရောက်နေပြီး ဒါဟာ ဒုတိယအဆင့်ဖြစ်တယ်လို့ ဦးဝင်းတင်ကမြင်ပါတယ်။

ဒီမိုကရေစီရေးအတွက် အဓိက အဟန့်အတားဖြစ်နေတာက စစ်အစိုးရရေးဆွဲထားတဲ့ အခြေခံဥပဒေဖြစ်ပြီး ဒီ အခြေခံဥပဒေပါ ဒီမိုကရေစီနဲ့မကိုက်ညီတဲ့အချက်တွေပြင်ဆင်ဘို့ နိုင်ငံတကာအသိုင်းအဝိုင်းက စစ်အစိုးရကို တွန်းအားပေးဘို့လိုတယ်လို့ မြင်ပါတယ်။

"နိုင်ငံတကာက အဲဒီကိစ္စလေးကို ကျန်ကျန်နေတယ်။ နိုင်ငံတကာက အနောက်နိုင်ငံတွေက ဒီအစိုးရကို တောင်းဆိုတဲ့အခါမှာ အခြေခံဥပဒေပြင်ဆင်ရေးဆိုပြီး တောင်းဆိုပါ။ ရွေးကောက်ပွဲကျင်းပရေးကိစ္စတို့ ဘာတို့ ဆိုတာက ဒုတိယကိစ္စဖြစ်ပါတယ်။ ဒီ အခြေခံဥပဒေက ရွေးကောက်ပွဲနဲ့ပြည်သူတွေကြားထဲမှာ ကန့်လန့်ကြီးခံနေပါတယ်။ အခြေခံဥပဒေပြင်ဆင်ရေးကို တောင်းဆိုပေးပါ။ ကျနော်က ဒါကို ပြောချင်ပါတယ်။"

ဦးဝင်းတင်ပြောဆိုနေတာဖြစ်ပါတယ်။ Mr.Gambari ဟာ အခုတခေါက် မြန်မာပြည်ခရီးစဉ်အတွင်းမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ခွင့် ရ မရ မသေချာသေးပါဘူး။ အင်းစိန်အကျဉ်းထောင်ထဲမှာရောက်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း တွေ့ဆုံခွင့်တောင်းမှာသေချာပါတယ်။

Mr.Gambari အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တက္ကသိုလ်ရိပ်သာလမ်းဘဲဖြစ်ဖြစ် အစိုးရဧည့်ဂေဟာမှာဘဲဖြစ်ဖြစ်၊ အင်းစိန်ထောင်မှာဘဲတွေ့တွေ့ စစ်အစိုးရချုပ်နှောင်တာကို ခံနေရဆဲအခြေအနေမှာ တွေ့နေရတာကိုက ကုလသမဂ္ဂရဲ့ မြန်မာ့အရေးကြားဝင်ဆောင်ရွက်မှုတွေ အရာမထင်သေးဘူးဆိုတာ ပြနေတယ်ဆိုပြီး မြန်မာ့အရေးလေ့လာသူတွေ ပြောဆိုနေကြတာပါ။

# ဒီကေဘီအေ အထူးတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစံပြုံး ခေါ် ဗိုလ်ဆန်ပြူတ် ကျဆုံး

**KIC|ဇွန် ၂၆။** ။ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA တပ်မဟာ ၉၉၉ ၏ တပ်ရင်းမှူးတဦးဖြစ်သူ ဒုဗိုလ်မှူးကြီးစံပြုံး (ဗိုလ်ဆန်ပြူတ်)သည် ဇွန်လ ၂၆ ရက်နေ့ ယနေ့တွင် ရေလမ်းခရီးမှာ ခြိုခိုတိုက်ခိုက်ခံရလို့ ပွဲချင်းပြီးသေဆုံးသွားသည်ဟု နယ်စပ်မှလာတဲ့ သတင်းများအရ သိရပါတယ်။

ယနေ့နံနက် (၈း၄၀)နာရီအချိန်တွင် DKBA တပ်ဖွဲ့ဝင်များဟာ မြဝတီမြို့ ရွှေကုက္ကိုကျေးရွာမှာ ပြုလုပ်မယ့် အောင်ပွဲရသူများအား ကြိုဆိုပွဲအခမ်းအနားသို့ သောင်ရင်းမြစ်အတိုင်း လှေစီးပြန်လာရာ မြဝတီမြို့နယ်၊ မော်ဖားသူးတွင် မော်ကလာအနားမှာ တိုက်ခိုက်ခံရပြီး ၁၀ ဦး ပွဲချင်းပြီး သေဆုံးသွားတဲ့အထဲတွင် ဗိုလ်ဆန်ပြူတ် ပါဝင်တယ်လို့ အမည်မဖော်လိုသူ DKBA ဗိုလ်ကြီးတဦးက အခုလို အတည်ပြု ပြောဆိုပါတယ်။

"ကျနော်တို့သိရသလောက် ဗိုလ်ဆန်ပြူတ်သေတာက သေချာတယ်။ လှေက သုံးစီးလို့ပြောတယ်။ အဲဒီထဲမှာမှ ဗိုလ်ဆန်ပြူတ်စီးတဲ့လှေကိုပဲ တိုက်ခိုက်တဲ့သူတွေက ရွေးပစ်တာ။ ၁၀ ယောက်က ပွဲချင်းပြီးပဲ။ အဲဒါမှာ သူတို့ခေါ်လာတဲ့ ပေါ်တာတယောက်လည်း သေသွားတယ်လို့ပြောတယ်။ ကျန် တဲ့လှေပေါ်က လူတွေက ဘာမှမဖြစ်ဘူး"။

အခုလိုတိုက်ခိုက်ခံရသည့်နေရာသည် နအဖ၊ DKBA နှင့် ဗိုလ်မှူးချုပ် ထင်မောင်တို့ ငြိမ်းချမ်းရေးကောင်စီ ထိန်းချုပ်ရာနယ်မြေဖြစ်ပြီး မြဝတီဆေးရုံသို့ ရောက်ရှိလာသူ ငါးဦးအနက် နှစ်ဦးထပ်သေဆုံးပြီး ဒီနေ့ညနေပိုင်းတွင် မဲဆောက်ဆေးရုံကို ရောက်ရှိလာသူ ၈ ဦးအနက် တဦးမှာ ထပ်မံသေဆုံးသွားတယ်လို့ မျက်မြင်သက်သေများ ပြောပြချက်အရ သိရပါတယ်။ ဒဏ်ရာရသူများကို ဆေးရုံမှာ ကိုယ်တိုင်မြင်တွေ့ခဲ့သူတဦးက အခုလို ပြောပြပါတယ်။

"အပစ်ခံရတဲ့ DKBA ၈ ယောက် မဲဆောက်ဆေးရုံကို ရောက်လာပြီး ရောက်ရောက်ချင်းမှာ ပဲတယောက်သေသွားတယ်။ ကျန်တဲ့သူတွေအထဲမှာလည်း မျက်လုံးထိတဲ့သူ အပါအဝင် အသည်းအသန် သုံးယောက်လောက်ရှိတယ်"။

အဲဒီတိုက်ခိုက်မှုမှာ ဘယ်သူ ဘယ်ဝါလက်ချက်ဖြစ်တယ်ဆိုတာ တပ်အပ်မပြောနိုင်သော်လည်း ဗုံး၊ လက်နက်ငယ်များနဲ့ ပစ်ခတ်မှုသည် မြန်မာဘက် ကမ်းမှဖြစ်တယ်လို့ မဲဆောက်ဆေးရုံသို့ရောက်ရှိလာသည့် ဒဏ်ရာရ DKBA အဖွဲ့ဝင်တဦးက ပြောသည်။

DKBA တပ်ဖွဲ့ခြိုခိုတိုက်ခိုက်ခံရခြင်းနှင့်ပတ်သက်၍ ကေအဲန်ယူ တွဲဖက် အတွင်းရေးမှူး ၁ ဗိုလ်မှူးစောလှငွေက ကရင်သတင်းစဉ်ကို ပြောပါတယ်။

"ဒီတိုက်ခိုက်ခံရတဲ့နေရာက ကျနော်တို့ ကေအဲန်ယူတွေ ရှိတဲ့နေရာ လည်းမဟုတ်ဘူး။ လက်ရှိမှာ ကျနော်တို့က ကိုယ့်နေရာကိုတောင် ဆုတ်ပေးထားရတော့ ဘယ်သူ့လက်ချက်လည်းဆိုတာ ကျနော်တို့လည်း အတတ်မပြောနိုင်ဘူး"။

ပြီးခဲ့သည့် ဇွန်လဆန်းပိုင်းက DKBA တပ်ဖွဲ့သည် နအဖစစ်တပ်နှင့် ပူးပေါင်းကာ ကေအဲန်ယူ တပ်မဟာ ၇ နယ်မြေကို ဝင်ရောက်တိုက် ခိုက်ရာတွင် ဦးဆောင်ပါဝင်ခဲ့တဲ့ ဗိုလ်ဆန်ပြူတ်ဟာ လက်ရှိ ၉၉၉ တပ်မဟာရဲ့ အထူးတပ်ရင်းအမှတ် ၇ တပ်ရင်းမှူးဖြစ်ပြီး၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ကေအဲန်ယူ အတွင်းရေးမှူးချုပ် ပဒိုမန်းရှာလားဖန်းကို လုပ်ကြံသူများထဲတွင် ပါဝင်ကြောင်း ထင်ကြေးပေးခံရသူဖြစ်ကြောင်း သိရှိရပါတယ်။

# ဒုက္ခသည်များ စုစည်းထားရှိတော့မည်

**DVB|ဇွန် ၂၇။** ။ ဒီလဆန်းပိုင်ကတည်းက ဖြစ်ပွားနေတဲ့ နအဖ နဲ့ DKBA ပူးပေါင်းတပ်တွေနဲ့ ကေအန်ယူတို့ရဲ့တိုက်ပွဲတွေကြောင့် ထိုင်းနိုင်ငံထဲ ထွက်ပြေးလာတဲ့ ကရင်ဒုက္ခသည်တွေကို နေရာတခုထဲမှာ စုစည်းနေရာချထားပေးဖို့ နေရာရွေးနေပြီလို့ သိရပါတယ်။

ထိုင်းနိုင်ငံထဲ ထွက်ပြေးလာတဲ့ ကရင်စစ်ပြေး ဒုက္ခသည်တွေအတွက် ထိုင်းအစိုးရက နေရာတခုသတ်မှတ်ချထားပေးဖို့ နှုတ်ကတိအရသဘောတူလိုက်ပြီးနောက် ဒီနေ့မှာ ထိုင်းအစိုးရ၊ အန်ဂျီအို၊ ယူအန်နဲ့ ကရင်ဖွဲ့အစည်းတွေက ဒုက္ခသည်တွေရဲ့ကိုယ်စားတွေ နေရာသွားရွေးနေတာ ဖြစ်ပါတယ်။ သွားရောက်ကြည့်ရှုတဲ့ နေရာကတော့ ထစောင်းယန်းမြို့နယ် အူးသူးထနားမှာရှိတဲ့ နေရာ တနေရာဖြစ်ပြီး အားလုံးသဘောတူပြီဆိုရင် အဲဒီနေရာမှာ ဒုက္ခသည်အားလုံး လာရောက် စုစည်းနေထိုင်ရမှာလို့ ကိုယ်တိုင်သွားရောက်ကြည့်ရှုခဲ့တဲ့ အူးသူးထ ဒုက္ခသည် ကိုယ်စားလှယ် စောကျောကယ်က ပြောပါတယ်။

"သောင်ရင်းမြစ်ဘေးနားမှာနေရင် လုံခြုံရေးစိတ်မချရလို့။ ဒီနေရာကို အတည်ပြုရင်တော့ အားလုံး ဒီကို ပြောင်းလာရမှာ။ နို့ဘိုးမှာ နေတဲ့သူတွေလည်း ဒီကို ပြောင်းလာရမှာပဲ။"

ကရင်ဒုက္ခသည်ကော်မတီရဲ့ ပြောရေးဆိုခွင့်ရှိသူ တဦးကတော့ ဒီကိစ္စတွေအားလုံးဟာ ထိုင်းအာဏာပိုင်တွေရဲ့လက်ထဲမှာသာရှိပြီး နေရာအတိအကျ မသတ်မှတ်ရသေးဘူးလို့ ပြောပါတယ်။

"သင့်တော်မယ့် နေရာတွေကတော့ အများကြီးပဲ။ ထိုင်းအာဏာပိုင်တွေ လက်ထဲမှာပဲရှိတယ်။ ဘယ်နေရာက အတိအကျ ဖြစ်မယ်ဆိုတာ ခုထက်ထိတော့ မပြောတတ်သေးဘူး။"

# ဒေါ်စုကိုလွှတ်ရန် မိတ္ထီလာ တောင်းဆို

**DVB|ဇွန် ၂၇။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးလွှတ်ပေးဖို့ မန္တလေးတိုင်း မိတ္ထီလာမြို့နယ်အဖွဲ့ချုပ်က ထပ်မံ တောင်းဆိုလိုက်ပါတယ်။

ဒီနေ့ မတ္ထီလာမှာ ပြုလုပ်တဲ့ မြို့နယ်အဖွဲ့ချုပ် လပတ် ပုံမှန်အစည်းအဝေးမှာ စည်းရုံးရေးအဖွဲ့နဲ့ အဖွဲ့ချုပ်ဝင်တွေက နေအိမ်အကျယ်ချုပ်သက်တမ်း ပြည့်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက ဆက်လက်ချုပ်နှောင်ထားဖို့ အမှုလုပ်တဲ့အပေါ် ပြောဆိုလိုက်တာဖြစ်ပါတယ်။ ခုလို ဆုံးဖြတ်ချက်ချတဲ့အပေါ် အဖွဲ့ချုပ် မိတ္ထီလာမြို့နယ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"ကျမတို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်ထဲကို ပို့ပြီးတော့ မတရားတဲ့ ဥပဒေတွေနဲ့ တရားစွဲ ရုံးတင်စစ်ဆေးမှုနဲ့ ပတ်သက်လို့ ကျမတို့က နိုင်ငံရေးလမ်းကြောင်းအရပဲ ပြောချင်တယ်။ မတရားတဲ့ ဥပဒေနဲ့ ရုံးတင်တရားစွဲတာမို့ ဒီကိစ္စကို ချက်ချင်းရပ်ပြီးတော့ကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးဖို့ ဆွေးနွေးတယ်၊ ဆုံးဖြတ်တယ်။"

ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး ဓာတ်ပုံပြန့်ဝေတဲ့ လှုပ်ရှားမှုကိုလည်း ဒေါ်အောင်ဆန်းစုကြည် မလွှတ်မချင်း ဆက်လက်လုပ်ဆောင်သွားမယ်လို့လည်းဆုံးဖြတ်ခဲ့ပါတယ်။ မကြာခင်လာရောက်မယ့် ကုလသမဂ္ဂအထူး ကိုယ်စားလှယ်ရဲ့ မြန်မာပြည်ခရီးစဉ်နဲ့ပတ်သက်လို့လည်း ကုလသမဂ္ဂအနေနဲ့ မျှမျှတတဖြစ်ဖို့ တိုက်တွန်းဆုံးဖြတ်ခဲ့တယ်လို့ ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"ဒီနေ့ မြန်မာနိုင်ငံရဲ့အကျပ်အတည်းနဲ့ နိုင်ငံရေးအရ သဘောထားတင်းမာနေမှုတွေကို ကြားဝင်ဆောင်ရွက်ပေးဖို့ မကြာခင်လာရောက်တော့မယ့် ကုလသမဂ္ဂတာဝန်ရှိပုဂ္ဂိုလ်အသီးသီး မစ္စတာဂမ်ဘာရီ၊ မစ္စတာဘန်ကီးမွန်းတို့လို တာဝန်ရှိ ပုဂ္ဂိုလ်တွေက ကမ္ဘာ့ကုလသမဂ္ဂဆိုတဲ့ ဂုဏ်သိက္ခာပုဒ်နဲ့အညီ မှန်မှန်ကန်ကန် မျှမျှတတ ကြားဝင်တောင်းဆိုပေးရန် တောင်းဆိုကြောင်းဆိုပြီး ဆုံးဖြတ်ချက် တချက်ကိုဆက်ချတယ်။"

ယုံကြည်ချက်နဲ့ အကျဉ်းနေတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးဖို့ကိုလည်း တောင်းဆိုခဲ့ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏ရှေ့နေများ ယနေ့ ၂ နာရီကြာ ဆွေးနွေးခွင့်ရ

**DVB၊ ဇွန် ၂၂။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သူရဲ့ ရှေ့နေ ၄ ဦး ဒီနေ့ အင်းစိန်ထောင်မှာ ၂ နာရီကြာ တွေ့ဆုံဆွေးနွေးခွင့်ရလိုက်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥပဒေအကျိုးဆောင်တဦးဖြစ်တဲ့ ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။ အဓိက အမှုကိစ္စနဲ့ အရေးကြီးတာတွေကို ပြောဆိုဆွေးနွေးခဲ့ကြကြောင်း ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။

"၃ နာရီကနေ ၅ နာရီခွဲအထိ ရှေ့နေ ၄ ယောက်စလုံး ပါပါတယ်။ အမှုကိစ္စနဲ့ ပတ်သက်ပြီးတော့ လုပ်ရမယ့်ဟာတွေ၊ သူ့ရဲ့သဘောထားတွေကို ဆွေးနွေးတယ်။ ကျနော်တို့ကလည်း ဥပဒေအရ ဘာတွေရှိတယ်ဆိုတာ ပြောပြတယ်၊ ဒီအပေါ်မှာ ဘာလုပ်ကြမလဲဆိုတာကို ဆွေးနွေးတာပေ့ါ။ တခုပဲ လောလောဆယ်ပြောနိုင်တာက ပြည်တွင်းရော၊ ပြည်ပရော မွေးနေ့နဲ့ပတ်သက်ပြီး ဆန္ဒပြုတဲ့ သူအားလုံးကို ကျေးဇူးတင်ပါတယ်၊ အခုအချိန်မှာ တဦးချင်းတယောက်ချင်း မပြောနိုင်တာ နားလည်ပေးပါတဲ့ အဲလိုပြောပါတယ်။ သူ အမြဲတမ်းပြောနေတာကတော့ ဒီမှာ တရားဥပဒေစိုးမိုးရေးရှိဖို့ သိပ်အရေးကြီးတယ်၊ တရားဥပဒေစိုးမိုးရေးက သိပ်အားနည်းနေတယ်ဆိုတာကို တော်တော်ပြောပါတယ်။"

ဇွန်လ ၁၉ ရက်နေ့က ကျရောက်တဲ့ သူ့ရဲ့မွေးနေ့မှာ ဒေါ်အောင်ဆန်းစုကြည်က လုံခြုံရေးတာဝန်ချထားတဲ့လူတွေနဲ့ သူ့ အနီးနားကလူတွေကို အလှူဒါနပြုခဲ့တယ်လို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။ လာမယ့် ၂၄ ရက်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သက်သေ ၄ ဦးထဲက ပယ်ချခံသက်သေ ၂ ဦးဖြစ်တဲ့ အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦးနဲ့ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဝင်းတင်တို့ သက်သေထွက်ဆိုခွင့်ပေးမပေးဆိုတာနဲ့ပတ်သက်လို့ ဗဟိုတရားရုံးချုပ်မှာ နှစ်ဘက်ရှေ့နေတွေ လျှောက်လဲချက်တင်ကြမှာဖြစ်ပါတယ်။ ၂၆ ရက်နေ့မှာ ပုံမှန်ရုံးချိန်းရှိပြီး တိုင်းတရားရုံးချုပ်ရဲ့ ခွင့်ပြုချက်နဲ့ သက်သေထွက်ဆိုခွင့်ရထားတဲ့ ဒုတိယသက်သေ တောင်ကြီးက တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်မိုးမိုးကို ဘယ်နေ့စစ်မယ်ဆိုတာသိရမှာဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ကို အင်းလျားကန်တဆင့် အမေရိကန်နိုင်ငံသားတဦး ရေကူးချိုးပီယံ ရေကူးဝင်ရောက်မှုနဲ့ ပတ်သက်လို့ စစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချ တားဆီးမိန့်ကို ဖောက်ဖျက်မှု ပုဒ်မ ၂၂ နဲ့ တရားစွဲဆိုထားပြီး သူနဲ့ အတူနေထိုင်သူနှစ်ဦးဖြစ်တဲ့ ဒေါ်ခင်ခင်ဝင်းနဲ့ သမီးဖြစ်သူ မဝင်းမမတို့ကိုလည်း နေအိမ်အကျယ်ချုပ်ချ တားဆီးမိန့်ကို ဖောက်ဖျက်အောင် အားပေးကူညီမှုနဲ့ တရားစွဲဆိုထားသလို ရေကူးဝင်ရောက်လာခဲ့တဲ့ အမေရိကန်နိုင်ငံသားကိုလည်း ပုဒ်မသုံးခုနဲ့ တရားစွဲဆိုထားပါတယ်။

ဒီအမှုမှာ အဓိက နေအိမ်လုံခြုံရေးကို တာဝန်ယူထားသူတွေကို စစ်ဆေးမေးမြန်းမှု မရှိလို့ ဒါဟာ ဘက်လိုက်မှုတခုလို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုထားပါတယ်။ ဒီအမှုနဲ့ပတ်သက်လို့ စစ်အုပ်စုဘက်က တရားလိုပြသက်သေ ၂၂ ဦး တင်ပြခဲ့ပြီး ၁၄ ဦးကို စစ်ဆေးခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်ဘက်က တရားခံပြသက်သေ ၄ ဦးတင်ပြရာမှာ ၂ ဦးဟာ ပယ်ချခံနေရဆဲဖြစ်ပါတယ်။

# စာပေသမား မိမိကိုယ်ကိုယ် သတ်သေ

**DVB၊ ဇွန် ၂၃။** ။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရဲ့ ရုံးအဖွဲ့ဝင်တဦး ဒီနေ့ မနက် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတယ်လို့သိရပါတယ်။

ဒီကနေ့မနက် ၁၁ နာရီခန့်က ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်အဆောက်အဦး သုံးလွှာကနေ ၂၇ လမ်းဘက်ကို ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသူက စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးမြင့်လွင်ဖြစ်ပါတယ်။ သူ သေကြောင်းမကြံမီ သူ့စားပွဲပေါ်မှာ အများပိုင်ပစ္စည်းကိုထိန်းသိမ်းရာမှာ ပေ့ါလျော့မှုကြောင့် ပျက်စီးခဲ့တဲ့အတွက် သူ့မှာတာဝန်ရှိတာကြောင့် သူ့ကိုယ်သူ အပြစ်ပေးသွားပါတယ်ဆိုတဲ့ စာကိုရေးထားခဲ့ပါတယ်။ သူ့မှာပါလာတဲ့ ပိုက်ဆံ ငါးရာတန်နှစ်ရွက်၊ ဘောလ်ပင်၊ လက်ပတ်နာရီနဲ့ ဖိနပ်စတာတွေကိုလည်း ချွတ်ထားခဲ့ပြီးမှ ကိုယ်ကိုယ်ကိုယ် အဆုံးစီရင်သွားတာလို့ နီးစပ်သူတွေကပြောပါတယ်။ ဦးမြင့်လွင် သေဆုံးတာနှင့် ပတ်သက်ပြီး စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင် တဦးဖြစ်တဲ့ ဆရာ ဦးဝင်းငြိမ်းက ပြောပါတယ်။

"စိတ်မကောင်းစရာတခုက သူမိန်းမက နယ်ရောက်နေတာ။ ပြန်ရောက်လာလို့ သူ့သားက သူ့အဖေကို သူ့အမေပြန်ရောက်နေပြီလို့ ပြောဖို့လာတဲ့အချိန်မှာ ဒီမှာ သူ့ကိုယ်သူ သတ်သေပြီးသားဖြစ်နေပြီ။ ကလေးက အံ့သြသွားတယ်တဲ့။ သူ့အဖေ ခုန်ချထားတာ ပက်ပင်းကြီးတွေ့သွားတယ်လို့ပြောတယ်။"

စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်တဦး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတာနဲ့ပတ်သက်ပြီး "အဲ့ဒါတွေ ဒီအချိန်မှာ ဘာမှပြည့်ပြည့်စုံစုံ မသိသေးလို့ မဖြေနိုင်သေးဘူးကွယ်။ တောင်းပန်ပါတယ်"လို့ စာပေဗိမာန် စာပေနှင့်စာနယ်ဇင်း ရုံးခန်းတာဝန်ကျ ပုဂ္ဂိုလ်တဦးက ပြောပါတယ်။ ဒီ သေကြောင်းကြံစည်တာနဲ့ ပတ်သက်ပြီး စာပေဗိမာန်အောက်က စာရေးဆရာတွေအထိုင်များတဲ့ လေအံ့ကုန်း လက်ဖက်ရည်ဆိုင်အပါအဝင် ပတ်ဝန်းကျင်ကလူတွေကိုဒီသတင်းမပေါက်ကြားစေဖို့နဲ့ ဂျာနယ်တွေမှာလည်း ဒီအကြောင်းမရေးဖို့ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဖိအားပေးပြောဆိုထားတာတွေရှိတယ်လို့ ရန်ကုန်စာပေအသိုင်းကအချို့က ပြောဆိုနေကြကြောင်း သိရှိရပါတယ်။

# သူပုန်လွတ်ရေး ကြိုးပမ်းသူ ဖမ်းဆီးခံရ

**DVB၊ ဇွန် ၂၂။** ။ အိန္ဒိယအစိုးရက ဖမ်းဆီးထားတဲ့ ကရင်နဲ့ရခိုင် တော်လှန်ရေးသမား ၃၄ ဦးကို ပြန်လွှတ်ပေးဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကားမြို့မှာ ဒီမနက် ဆန္ဒပြတဲ့ရခိုင်တိုင်းရင်းသား ၂၀ ခန့် ဖမ်းဆီးခံရတယ်လို့သိရပါတယ်။

သူတို့တတွေဟာ မနက် ၁၁ နာရီမှာ ဒက္ကားမှာရှိတဲ့ အိန္ဒိယ ဟိုက်ကော်မရှင်ရုံးရှေ့မှာ ဆန္ဒပြတောင်းဆိုကြတာပါ။ ဆန္ဒပြလို့ နာရီဝက်ခန့်အကြာမှာ ဘင်္ဂလားရဲတွေက ကားနဲ့တင်ပြီး ရဲစခန်းကိုခေါ်သွားတာလို့ သူတို့ကပြောပါတယ်။ အခြေအနေကို ရဲစခန်းထဲကနေ ဦးပဋ္ဌင်း ဦးမာဂိန္ဒက မိန့်ကြားပါတယ်။

"ပထမဆုံးတခေါက် ကားပေါ်တင်ပြီး ပြန်ချတယ်။ ဒုတိယတခေါက် ကားပေါ်တင်ပြီး ရဲစခန်းကိုခေါ်သွားတယ်။ အချုပ်ခန်းတော့ အချုပ်ခန်း၊ ဒါပေမယ့် ခြံလုံပိတ်တော့ မပိတ်သေးဘူး။ ခြံလုံနားမှာ ထားတယ်။"

ဒက္ကားမြို့က ဒီဆန္ဒပြပွဲကို သံဃာ ၃ ပါး၊ သီလရှင် ၁ ပါး၊ အမျိုးသမီး ၃ ယောက်၊ ကလေး ၃ ယောက်နဲ့ အမျိုးသား ၁၁ ဦး အားလုံး ၂၁ ဦး ဖြစ်ပါတယ်။ သူတို့ ၂၁ ယောက်စလုံး ရဲစခန်းမှာ ရောက်နေကြပြီး ထိန်းသိမ်းခံထားရတဲ့ သီလရှင်တပါးနဲ့ အမျိုးသမီး တဦးက အခြေအနေကို ပြောပါတယ်။

"သံရုံးရှေ့မှာဆန္ဒပြလို့ ကျမတို့ကို ဘင်္ဂလားဒေ့ရှ်ရဲက ဖမ်းထားပြီး လှောင်ထားတယ်လေ။ အချုပ်ခန်းထဲမှာ ရောက်နေတယ်အခု။" ကျမတို့ ကလေးတွေရော အမျိုးသားစုအတွက် ဆန္ဒပြတာ အခုတော့ ဒီမှာ ဖမ်းထားတယ် ဘယ်လိုလုပ်မလဲ မသိဘူး။"

သူတို့အားလုံးကို အချုပ်ခန်းတွင်းကိုတော့ မသွင်းဘူးလို့ ပြောပါတယ်။ ညနေ ငါးနာရီခွဲထိ မေးမြန်းချက်အရတော့ ပြန်မလွှတ်ပေးဘဲ ဘင်္ဂလားဒေ့ရှ် ရဲတွေက မေးမြန်းနေတယ်လို့သာ ကာယကံရှင်တွေက ပြောပါတယ်။ အလားတူ ဆန္ဒပြပွဲတွေကို ရခိုင်နဲ့ကရင်လူမျိုး ရှိတဲ့နေရာတိုင်းမှာ ပြုလုပ်ကြမယ်လို့ ထိန်းသိမ်းခံရသူ တဦးဖြစ်တဲ့ ကိုစိမ်းလန်းအောင်က ပြောပါတယ်။ ၁၉၉၈ ခုနှစ်က ရခိုင်နဲ့ ကရင် လက်နက်ကိုင်တပ်ဖွဲ့ဝင် ၃၄ ဦးဟာ ပင်လယ်ရေလမ်းကနေ အိန္ဒိယပိုင်း အက်ဒမန်ကျွန်းနဲ့ လန်းဖောကျွန်း ရေပိုင်နက်ကို အဖြတ်မှာ အိန္ဒိယ ကြည်းရေလေ တပ်ပေါင်းစုံက ဝိုင်းဖမ်းတာခံရပါတယ်၊ အိန္ဒိယအစိုးရက အဲဒီ ၃၄ ဦးကို အက်ဒမ်န်ကျွန်းမှာ ရှစ်နှစ်ကြာ အကျယ်ချုပ်ချထားပြီး ၂၀၀၆ ခုနှစ်ကမှ ကာလကတ္တား အကျဉ်းထောင်ကို ပို့ဆောင်ခဲ့တာပါ။

# ဒီမိုကရေစီ၏အခြေခံမှုများ

**ကျော်ကျော်စိုး**

**ယခင်ပတ်အဆက်** အပိုင်း ၂၀

## အစိုးရမဟုတ်သောအဖွဲ့အစည်းများ

ဒီမိုကရေစီနိုင်ငံများတွင် သာမန်ပြည်သူပြည်သားများသည် ၄င်းတို့ နေထိုင်သော လူမှုအသိုင်းအဝိုင်း သို့မဟုတ် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်စွမ်းပေးရေးနှင့် ထိုလိုအပ်ချက်များပြီးပြည့်စုံရေးအတွက်လည်းကောင်း၊ တခါတရံတွင် အစိုးရ၏လုပ်ဆောင်ချက်များကို စိမ်ခေါ်ရေးအတွက်လည်းကောင်း သီးခြားလွတ်လပ်သောအဖွဲ့များကို စုစည်းတည်ထောင်လုပ်ကိုင်ကြပေသည်။ ထိုသို့သော အဖွဲ့များကို အစိုးရမဟုတ်သောအဖွဲ့အစည်းများ NGOs ဟု ခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် အစိုးရရုံးအဖွဲ့များ၏တိုးချဲ့အဖွဲ့အစည်းမဟုတ်သောကြောင့်ဖြစ်သည်။

NGO များက ပြည်သူပြည်သားများ ၄င်းတို့နေထိုင်ရာလူမှု အသိုင်းအဝိုင်းတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ခြင်း၊ ပညာပေးခြင်းနှင့် အများပြည်သူဆိုင်ရာအဓိကကျသည့်ကိစ္စရပ်များအပေါ် အာရုံစိုက်လာစေရေး နှင့် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏လုပ်ကိုင်ဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာမှုများကို ပြုလုပ်သည်။

NGO များက နောက်ခံအကြောင်းရင်းအမျိုးမျိုးကွဲပြား သော ပြည်သူပြည်သားများကို အတူတကွလက်တွဲလုပ်ဆောင်တတ်ရန်၊ အရည် အသွေးများ တိုးတက်လာစေရန်၊ ကူးလူးဆက်ဆံရေးများ ပြုလုပ်တတ်စေရန် နှင့် ကောင်းမွန်သည့်အစိုးရဖြစ်ထွန်းရေးအတွက် လိုအပ်သောယုံကြည်မှုများ ဖြစ်ထွန်းလာရေးကို လုပ်ဆောင်သည်။

NGO များက ပြည်သူပြည်သားများအကျိုးအတွက် အမျိုးမျိုးသော ကိစ္စများတိုးတက်အောင်မြင်စေရေးကိုလုပ်ဆောင်သည်။ ၄င်းတို့သည် လူမှုဝန်ဆောင်မှုများကိုပေးသူ၊ သဘာဝပတ်ဝန်းကျင်အရေးဆောင်ရွက်သူ၊ လူနေမှုအဆင့်အတန်း၊ အလုပ်အကိုင်အဆင့်အတန်း၊ ဒီမိုကရေစီအရေး ပြောင်းလဲမြှင့်တင်သူအဖြစ် လုပ်ကိုင်ဆောင်ရွက်သည်။

NGO များသည် ပြည်သူပြည်သားများက နိုင်ငံနှင့်သက်ဆိုင်သည့်ပေါ်လစီများဆွေးနွေးမှုများတွင် ပါဝင်နိုင်ခြင်းမရှိသည့်အခါမျိုး၌ ပြည်သူများကိုယ်စားဝင်ရောက်လုပ်ကိုင်ကြသည်။ ၄င်းတို့သည် စီးပွားရေး၊ လူမှုရေး၊ အမျိုးသမီးရေး၊ လူနည်းစုကိစ္စများနှင့်ပတ်သက်သည့် အများပြည်သူသိရှိရမည့် အကြောင်းအရာမျိုးကို ဖော်ထုတ်ပေးသည်။

NGO များအတွက် ငွေကြေးရန်ပုံငွေများသည် ပုဂ္ဂလိက တဦးချင်းအလှူငွေ၊ ပုဂ္ဂလိကရန်ပုံငွေ၊ ကော်ပိုရေးရှင်းများ၊ ဘာသာရေးအဖွဲ့အစည်း များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြား NGO များ၊ ပစ္စည်းများရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့မှရရှိကြသည်။ တခါတရံတွင် အစိုးရထံမှပင်ရရှိသည်။

အစိုးရနှင့် NGO များသည် မကြာခဏဆိုသလို လုပ်ငန်းမိတ်ဘက်များအဖြစ် လုပ်ဆောင်ကြသည်။ NGO များသည် ဒေသန္တရရေးရာ ကျွမ်းကျင်မှုကို ပံ့ပိုးပေးခြင်းမျိုးများပြုလုပ်ပြီး အစိုးရထောက်ပံ့သည့် စီမံချက်များတွင် အောက်ခြေလုပ်ငန်းအကောင်အထည်ဖော်မှုများကို ပြုလုပ်ကြသည်။

နိုင်ငံရေးအရ ပါတီများနှင့်ပေါင်းဖက်ခြင်းမရှိသည့် NGO များ ရှိ ကောင်းရှိနိုင်သကဲ့သို့ ပြည်သူလူထုအကျိုးအတွက် ၄င်းတို့ဆောင်ရွက်ချင်သော လုပ်ငန်းဆောင်တာများအတွက် ပါတီတရပ်ရပ်က လက်ခံလာစေရန် လုပ်ဆောင်ကြသည့် သဘောသဘာဝမျိုးလည်းရှိသည်။

အဓိကအကျဆုံးအချက်မှာ NGO များသည် အစိုးရ၏ နိုင်ငံရေးအရ လွှမ်းမိုးမှုနည်းနိုင်သမျှအနည်းဆုံးဖြင့် လုပ်ကိုင်လှုပ်ရှားရေးပင်ဖြစ်သည်။

NGO များသည် ဒေသန္တရအဆင့်မှသည် နိုင်ငံတကာအဆင့်အထိ ဒီမိုကရေစီ၏အခြေခံများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နယ်ပယ် အနှံ့တွင် လုပ်ကိုင်ဆောင်ရွက်နေသည်မှာ အထင်အရှားပင်ဖြစ်သည်။

– လူ့အခွင့်အရေးကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်ထွန်းလာရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အနိုင်ကျင့်မှုများကို စောင့်ကြပ်ကြည့်ရှုခြင်း၊

– တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ ဥပဒေရေးရာအထောက်အကူအားကုန်ကျစရိတ်နည်းပါးစွာ သို့မဟုတ် အခမဲ့ဖြစ်စေရန် ဆောင်ရွက်ပေးခြင်း၊ ပြည်သူပြည်သားအားလုံးကို ၄င်းတို့၏အခွင့်အရေးများကို သိရှိစေရေးအတွက် ပညာပေးခြင်း၊ ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လုပ်ကိုင်ဆောင်ရွက်ခြင်း၊

– အမျိုးသမီးများအရေးနှင့်ပတ်သက်၍ နိုင်ငံရေးအရ ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်အထောက်အကူပြုပေးခြင်း၊ လူမှုစီးပွားရေးအရ ခွဲခြားနှိမ်ချခြင်းမျိုးမှ အကာအကွယ်ပေးခြင်း၊

– ပြည်သူ့ပညာပေးလုပ်ငန်းများနှင့်ပတ်သက်၍ ဒီမိုကရက်တစ် လူ့ဘောင်နှင့် ကွဲပြားခြားနားနေသောလူ့အဖွဲ့အစည်းအတွင်း ပါဝင်ရမည့်ပြည်သူပြည်သူများ၏အစိတ်အပိုင်းများကို လမ်းညွှန်ပြသသင်ကြားပေးခြင်း၊

– လွတ်လပ်သောစာနယ်ဇင်းနှင့်ပတ်သက်၍ သီးခြားလွတ်လပ်သောမီဒီယာပေါ်ထွန်းရေး၊ သတင်းထောက်များအား လေ့ကျင့်သင်ကြားပေးရေး၊ စာနယ်ဇင်းကျင့်ဝတ်များသတ်မှတ်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

– နိုင်ငံရေးပါတီများဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများအားလေ့ကျင့်ပေးခြင်းနှင့် ပါတီစွဲမထားသောသူများအား မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ရေးလုပ်ငန်းများတွင်ပါဝင်လာစေရေး လုပ်ဆောင်ခြင်း၊

– အစိုးရကတာဝန်ခံမှုနှင့်ပတ်သက်၍ ပေါ်လစီများကို ပိုင်းခြားစိတ်ဖြာလေ့လာခြင်းနှင့် အစိုးရလုပ်ရပ်များကိုစောင့်ကြည့်ခြင်း၊

အပိုင်း ၂၁

## ပညာရေးနှင့် ဒီမိုကရေစီ

ပညာသင်ကြားခွင့်ဆိုသည်မှာ ကမ္ဘာလုံးတပြေးညီ ခံစားရမည့် အခွင့်အရေးဖြစ်သည်။ ဤသည်မှာ အခြားအခွင့်အရေးများကို သိရှိနားလည်ရေးအတွက်လည်းဖြစ်ပြီး လူမှုရေးနှင့်စီးပွားရေးဆိုင်ရာတိုးတက်မှုရရေးအတွက် အထောက်အကူပြုကိရိယာဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင်လည်း ကမ္ဘာ့နိုင်ငံများသည် လူတိုင်း၌ပညာသင်ယူပိုင်ခွင့်ရှိသည်ကို သဘောတူထားကြသည်ကိုဖော်ပြထားသည်။

လူ့အဖွဲ့အစည်းတိုင်းသည် ၄င်း၏စိတ်ဓာတ်၊ လူမှုရေးစံများ၊ ယဉ်ကျေးမှုနှင့် အယူအဆများကို နောင်မျိုးဆက်သို့ လက်ဆင့်ကမ်းပေးကြသည်။ ဒီမိုကရေစီနှင့် ပညာရေးတို့အကြားတွင် တိုက်ရိုက်ဆက်နွယ်မှုရှိသည်၊ ဒီမိုကရေစီထွန်းကားသောလူ့အဖွဲ့အစည်းများတွင် ပညာရေးဆိုင်ရာသင်ကြား မှုများနှင့်လေ့ကျင့်မှုများက ဒီမိုကရက်တစ်အုပ်ချုပ်ရေးကို အထောက်အကူပြုကြသည်။

ဤသို့သော ပညာရေးလက်ဆင့်ကမ်းအမွေပေးခြင်း လုပ်ငန်းစဉ်သည် ဒီမိုကရေစီတွင် လွန်စွာအရေးပါပေသည်။ အဘယ်ကြောင့်ဆိုသော် ကောင်းမွန်ထိရောက်သောဒီမိုကရေစီသည် အားအင်အရှိန်ကြီးမားပြီး ပြည်သူ ပြည်သား

**တဖက်သို့**

များက လွတ်လွတ်လပ်လပ်တွေးခေါ်၍တောင်းဆိုသည့် အစိုးရပုံစံ တရွေ့ရွေ့ဖြင့် ဖြစ်ပေါ်လာနိုင်သောကြောင့်ဖြစ်သည်။

အကောင်းဘက်ကိုဦးတည်သည့် လူမှုရေးနှင့် နိုင်ငံရေးအပြောင်းအလဲများအတွက် အခွင့်အလမ်းသည် ပြည်သူပြည်သားများ၏လက်တွင်း၌ရှိရမည်။

<u>အစိုးရအနေဖြင့် ပညာရေးစနစ်အား သတင်းအချက်အလက်များကို ထိန်းချုပ်ရန်နှင့် ကျောင်းသားများအား အစိုးရ၏အယူအဆများကို ရိုက်သွင်းသည့် နည်းလမ်းတခုအဖြစ်မလုပ်ဆောင်သင့်ပေ။</u>

အစိုးရများသည် ပညာရေးကို ပြည်သူပြည်သားများကို ကာကွယ်ပေးရန်အတွက်ကြိုးပမ်းသည့်အရာအဖြစ် တန်ဖိုးထားပြီး ရင်းနှီးလုပ်ဆောင်သင့်ပေသည်။

စာပေတတ်မြောက်မှုက ပြည်သူလူထုအား သတင်းအချက်အလက်များကို သတင်းစာနှင့်စာအုပ်စာတမ်းများမှ တဆင့်ရယူနိုင်စေသည်။ သတင်းအချက်အလက်အပြည့်အဝရရှိသောပြည်သူလူထုသည် ဒီမိုကရေစီတိုးတက်ရေးလုပ်ဆောင်မှုကို ပိုမိုကောင်းမွန်သောအနေအထားသို့ရောက်ရှိစေသည်။

ဒီမိုကရေစီထွန်းကားသောနိုင်ငံများတွင် ပညာရေးစနစ်သည် နိုင်ငံရေးအယူဝါဒတခုကိုရိုက်သွင်းရန် သို့မဟုတ် အစိုးရ၏စနစ်ကို အယုံသွင်းရန်အတွက် မဖြစ်ရပေ။

ဒီမိုကရေစီက ကျောင်းသားများအား သမိုင်းကို ရှင်းလင်းစွာနားလည်စေပြီး၊ စေ့စပ်သေချာစွာလေ့လာထားသော အချက်အလက်များအပေါ် အခြေခံ၍ ကြောင်းကျိုးဆီလျော်သော အဆိုများပေါ်ထွက်လာစေရေးအတွက် အားပေးသည်။

ပုဂ္ဂလိကနှင့် ဘာသာရေးဆိုင်ရာအဖွဲ့များက ကျောင်းများ လွတ်လပ်စွာထူထောင်နိုင်စေရမည်၊ မိဘများက ၄င်းတို့၏ ကလေးများကို နေအိမ်တွင် သင်ကြားပို့ချပေးလိုက ပေးနိုင်ရန် လွတ်လပ်မှုရှိရမည်။

အစိုးရကျောင်းများတွင် ပြည်သူပြည်သားအားလုံး လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျားမ မရွေး၊ ရုပ်ပိုင်းဆိုင်ရာချို့တဲ့မှုမရွေး တူညီစွာတက်ရောက်ပညာသင်ယူပိုင်ခွင့်ရှိရမည်။

လွတ်လပ်သောပြည်သူပြည်သားများအဖြစ် ၄င်းတို့၏အခွင့် အရေးနှင့်တာဝန်များကို တန်ဖိုးထားတတ်စေရန်နှင့် နားလည်တတ်စေရန် ဒီမိုကရေစီ၏စံနှင့်အလေ့အကျင့်များကို သင်ကြားပေးရမည်။

ဒီမိုကရက်တစ်ပြည်သူပြည်သားများအတွက် ပညာရေးတွင် နိုင်ငံ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းဆိုင်ရာ အသိများကြွယ်ဝလာစေရေးနှင့် ဒီမိုကရေစီ၏အခြေခံမူများ စည်းမျဉ်းများကို နားလည်ရေးတို့ပါဝင်ရမည်။

ဒီမိုကရေစီနိုင်ငံများတွင် ကျောင်းသုံးပြဌာန်းချက်များ၌ သမိုင်း၊ ပထဝီ၊ စီးပွားရေး၊ စာပေ၊ ဒဿနိကဗေဒ၊ ဥပဒေ၊ အနုပညာ၊ လူမှုရေးလေ့လာမှု၊ သချ်ာ၊ သိပ္ပံသင်ခန်းစာများအား ကျောင်းသားကျောင်းသူတိုင်းကို အားလုံးသင်ကြားပေးရမည်။

ဒီမိုကရက်တစ်စံများကို လက်တွေ့လေ့ကျင့်အသုံးချနိုင်ရေးအတွက် ကျောင်းသားများအား ကလပ်အသင်းများ၊ လှုပ်ရှားမှုများကို လွတ်လွတ်လပ်လပ်လုပ်ဆောင်ခွင့်ပေးရမည်။ ဥပမာအားဖြင့်–

– ကျောင်းသားကောင်စီများက ကျောင်းသားများအား ဒီမိုကရက်တစ်လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် အတွေ့အကြုံများကို ပေးသည်။

– ကျောင်းကောင်စီရွေးကောက်ပွဲများက ကျောင်းသားများအား ပြည်သူပြည်သားများအဖြစ်ဖြင့် နိုင်ငံ့အရေးကိစ္စများတွင် ပါဝင်လုပ်ကိုင်လာတတ်စေရေးနှင့် မဲပေးတတ်သည့်အလေ့အကျင့်ကို ဘဝတလျှောက်လုံးအတွက်ရရှိသွားစေသည်။

– ကျောင်းသတင်းစာများက ကျောင်းသားများအား လွတ်လပ်သော မီဒီယာနှင့်စာနယ်ဇင်းဆိုင်ရာတာဝန်ခံမှုကိုပညာပေးသည်။

– အများနှင့်ဆိုင်သည့်ကလပ်အသင်းများက ကျောင်းသားများအား ပိုမိုကြီးမားသည့် အသင်းအဖွဲ့အသိုင်းအဝိုင်းနှင့် ဆက်သွယ်မှုရစေရန်ပေးစွမ်းသည်။

**(ဒီမိုကရေစီ၏အခြေခံမူများကို အခန်းပေါင်း ၂၁ ခန်းဖြင့် အပတ်စဉ်ဖော်ပြခဲ့ရာမှာ ယခုတကြိမ်သည် နောက်ဆုံးအပိုင်းဖြစ်ပါသည်။**

**ဒီမိုကရေစီ၏အခြေခံ၊ သဘောသဘာဝနှင့် ကျင့်စဉ်များ၊ လုပ်ထုံးလုပ်နည်းများကို ကောင်းစွာသဘောပေါက်နားလည်ခြင်းသည် ဒီမိုကရေစီထူထောင်ရန်နှင့် ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လွန်စွာအရေးပါသောကြောင့် ယခုကဲ့သို့ရှာဖွေရေးသားဖော်ပြခဲ့ခြင်းဖြစ်ပါသည်)**

# နအဖဝိုလ်ချုပ်များအား နိုင်ငံတကာမှ နည်းမျိုးစုံနဲ့ ဖိအားပေးမှုကို ရုရှားကန့်ကွက်

**RFA। ဂျွန် ၂၃။ ။** မြန်မာစစ်အစိုးရကို နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ ဖိအားပေးနေတာတွေကို ရုရှားနိုင်ငံအစိုးရအနေနဲ့ကန့်ကွက်ကြောင်း၊ ဒါပေမယ့် နအဖစစ်အုပ်စုအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အမှုကို ဥပဒေနဲ့အညီ ဆောင်ရွက်လိမ့်မယ်လို့မျှော်လင့်ကြောင်း ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကထုတ်ပြန်တဲ့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ကြေညာချက်မှာဖော်ပြပါရှိပါတယ်။

မြန်မာနိုင်ငံကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဆွေးနွေးစရာအကြောင်း ဘာမှမရှိဘူးလို့ ရုရှားနိုင်ငံအနေနဲ့ရှုမြင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကြေညာချက်ကဆိုပါတယ်။ မြန်မာ့အရေးဟာ ပြည်တွင်းရေးသက်သက်ဖြစ်ပြီး ဒေသတွင်းလုံခြုံရေးနဲ့ငြိမ်းချမ်းရေးကို ထိခိုက်မှုမရှိပါဘူးလို့ ရုရှားနိုင်ငံအနေနဲ့သုံးသပ်ကြောင်းလည်း ကြေညာချက်မှာဖော်ပြထားပါတယ်။

သို့သော်ငြားလည်း မြန်မာစစ်အစိုးရဟာ အခုထက်ပိုပြီး နိုင်ငံတကာနဲ့ပွင့်ပွင့်လင်းလင်း ပူးပေါင်းဆောင်ရွက်လာဘို့ ရုရှားနိုင်ငံအနေနဲ့တောင်းဆိုထားသလို ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီနဲ့လည်း ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်သွားဘို့တောင်းဆိုထားပါတယ်။ မြန်မာ့အရေးကိုကိုင်တွယ်ရာမှာ စေ့စပ်ညှိနှိုင်းတဲ့နည်းနဲ့လုပ်နိုင်မှသာ မြန်မာနိုင်ငံနဲ့နိုင်ငံတကာအသိုင်းအဝိုင်းကြား အပြန်အလှန်နားလည်မှုရမှာဖြစ်ပြီး ပြဿနာကိုဖြေရှင်းရာရောက်လိမ့်မယ်လို့ ရုရှားနိုင်ငံက ယုံကြည်ကြောင်း ကြေညာချက်မှာဖော်ပြပါတယ်။

အခုလို ရုရှားအစိုးရရဲ့ ထုတ်ပြန်ကြေညာချက်နဲ့ပတ်သက်ပြီး ထိုင်း–မြန်မာနယ်စပ်အခြေစိုက် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်ကအခုလိုတုန့်ပြန်ပါတယ်။

“၁ အချက် ကျနော်ပြောချင်တာကတော့ ဒီရုရှားက တကယ်တမ်းကျမြန်မာပြည်နဲ့တော်တော်ဝေးတယ်၊ နောက်တခုက ကျနော်တို့ဒေသတွင်းမှာ ဘာဖြစ်နေသလဲဆိုတာကို သူက သေသေချာချာစူးစူးစိုက်စိုက် မကြည့်ဘူးလို့ထင်တယ်။ တကယ်လို့ ရုရှားနိုင်ငံက သူတို့ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းထဲမှာ ရှိတဲ့အနေအထားအတိုင်း သူပြောဆိုနေတာဖြစ်တယ်။

ဒီ ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံရေးဇာတ်ခုံကိုကြည့်ပေါ့ဗျာ၊ ဥပမာ အမေရိကန်နဲ့အနောက်အုပ်စု လုပ်မယ်ဆိုလို့ရှိရင် ရုရှားကဆန့်ကျင်မယ်၊ တရုတ်ကဆန့်ကျင်မယ်။ အဲဒီ Position ၊ အဲဒီရပ်တည်ချက်အပေါ်မှာ အခြေခံပြီးတော့ ဗမာပြည်ပြဿနာနဲ့ပတ်သက်လို့ သဘောထားထုတ်ပြန်တယ်လို့ ကျနော်တို့ကအဲဒီလိုဘဲယူဆတယ်။”

ရုရှားနဲ့မြန်မာနိုင်ငံကြား သံတမန်ဆက်သွယ်မှုကို မြန်မာနိုင်ငံလွတ်လပ်ရေးရအပြီး တလအကြာ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလက စတင်ခဲ့တာဖြစ်လို့ အခုဆိုရင် ၆၁ နှစ်ကျော်ရှိပြီဖြစ်ပါတယ်။

# စာနယ်ဇင်းလွတ်လပ်ခွင့် ရှိသယောင် သတင်းစာသင်တန်းများဖွင့်လှစ်

**DVB၊ ဇွန် ၂၅။** ။ နအဖ စစ်အုပ်စုက ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် မြန်မာနိုင်ငံမှာ သတင်းစာလွတ်လပ်ခွင့်ရှိတယ်လို့ နိုင်ငံတကာက ထင်မှတ်အောင် သတင်းစာပညာ သင်တန်းတွေ ဖွင့်လှစ်နေတာပါ။

ဒီသင်တန်းတွေမှာ အမေရိကန်သံရုံးရဲ့ ပံ့ပိုးကူညီမှုတွေနဲ့ ပြည်ပက သတင်းစာဆရာတွေပါ လာရောက်သင်ကြားလေ့ရှိပြီး အခုဆိုရင် ဒုတိယအကြိမ်မြောက် သင်တန်းကို ဖွင့်တော့မယ်လို့ သိရပါတယ်။ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဦးစီးပြီး စာနယ်ဇင်းပညာသင်တန်း အမှတ် ၂ ကို လာမယ့် ဇွန်လ ၃၀ ရက်နေ့မှာ ရန်ကုန်မြို့က စာပေဗိမာန်အဆောက်အအုံမှာ ဖွင့်လှစ်မှာဖြစ်ပါတယ်။ ဒီသင်တန်းကို တက်ရောက်ဖို့အတွက် ပြည်တွင်းသတင်းဂျာနယ်တွေက သတင်းထောက်တွေကို စာပေစိစစ်ရေးက ရွေးချယ်တက်ရောက်စေတယ်လို့ သတင်းဂျာနယ် အယ်ဒီတာတဦးက ပြောပါတယ်။

“နီးစပ်ရာ လိုက်တော့ခေါ်တယ်၊ တတိုက်ကို တယောက် နှစ်ယောက်ပေါ့။ ဖုန်းဆက်ပြီး လိုက်မေးတယ် သင်တန်းတက်ဖို့ပေါ့။ များသောအားဖြင့် တိုက်တွေက အင်တင်တင်ပေါ့။ အလုပ်လည်းမအားဘူးလေ။ သက်သက် ၁ ယောက် ၂ ယောက်ပေးရမယ်ဆိုတော့ အလုပ်ပျက်ဦးမှာကိုး။ ဘာမှလည်း ထူးခြားမှုမှမရှိတာကိုး”

တခြားအယ်ဒီတာတဦးကလည်း သင်တန်းစီစဉ်သူတွေရဲ့ ချယ်လှယ်မှုတွေ သင်တန်းအတွင်းမှာ ရှိတယ်လို့ပြောပါတယ်။

“အရင်တခေါက် တက်တဲ့ သူတွေကို မေးကြည့်တာတော့ သိပ်မစွံဘူး ပြောတယ်။ စီစဉ်တဲ့ သူတွေရဲ့ ပိုဂိုလ်ရေးပါရင် ပါမှာပေါ့။ ဉပမာ လျှပ်တပြက်က ဦးမြတ်ခိုင်တိုက်က သူတွေပဲ စာတမ်းအကောင်းဆုံးဆုရတာတို့ ဘာတို့ အဲ့ဒါမျိုးတွေပေါ့နော်။ အရင်တခေါက်က မတက်ပေမယ့် ဒီတပတ်တော့ တယောက်တော့ လွှတ်ရတယ်။ သိပ်တော့ မလွှတ်ချင်ဘူး။”

ပြည်ပနိုင်ငံတွေက အတွေ့အကြုံရှိတဲ့ သတင်းစာဆရာတွေ လာရောက်သင်ကြားတဲ့အတွက် မြန်မာလူငယ် ဂျာနယ်လစ်တွေအတွက် ဗဟုသုတ ရတာမျိုးတွေရှိတယ်လို့လည်း အခြားသတင်းဂျာနယ် အယ်ဒီတာတွေက ပြောပါတယ်။ ဒီသင်တန်းမှာ အမေရိကန်သံရုံးရဲ့ ပံ့ပိုးမှုနဲ့ အမေရိကန်၊ ဂျာမနီနဲ့ စင်္ကာပူစတဲ့ နိုင်ငံ သုံးနိုင်ငံက သတင်းစာပညာဆရာတွေက သုံးပတ်ကြာ သင်ကြားပေးကြမှာပါ။ ဒီအကြောင်းကို အမေရိကန်သံရုံး ဆက်ဆံရေးအရာရှိ ရစ်ချက်မေက အခုလို ပြောပါတယ်။

“ဒီကလူတွေမှာ တကယ့် သတင်းသင်တန်း တက်ထားတဲ့ အတွေ့အကြုံရှိတဲ့ လူမျိုးနည်းပါတယ်။ ဒါကြောင့် အဲဒီလိုမျိုး သင်တန်းမတက်ထားရတဲ့ လူတွေအတွက် ဒီအစီအစဉ်ကိုလုပ်တာဖြစ်တာပါ၊ ဒီအစီအစဉ်နဲ့ပတ်သက်ပြီး နအဖစစ်အုပ်စုနဲ့ အာဏာပိုင်တွေကို အသိပေးထားပြီးတဲ့အတွက် ကျွန်တော်တို့ ဘာတွေ သင်တန်းပေးတယ်ဆိုတာကို သူတို့တွေ သိထားပြီးဖြစ်လို့ ဘာပြဿနာမှ မရှိနိုင်ပါဘူး”။

အမေရိကန်သံရုံးနဲ့ နီးစပ်သူတွေရဲ့ အပြောအရ ပြန်ကြားဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမေရိကန်သံအရာရှိတွေနဲ့တွေ့ဆုံချိန်မှာ သတင်းစာပညာနဲ့ပတ်သက်ပြီး ပံ့ပိုးကူညီဖို့ပြောတာကြောင့် သံတမန်ဆက်ဆံရေးအရ အမေရိကန်သံရုံးက ကူညီခဲ့ရတာလို့ ပြောဆိုမှုတွေရှိပါတယ်။ အမေရိကန်သံရုံးရဲ့ ပံ့ပိုးမှုကိုယူပြီး သတင်းစာပညာသင်တန်းတွေ ဖွင့်လှစ်နေတာနဲ့ပတ်သက်ပြီး မြန်မာ့သတင်းသမဂ္ဂရဲ့ ဒုဥက္ကဌ ဦးဇင်လင်းက ပြောပါတယ်။

“မျက်မှောက်အခြေအနေကို ကြည့်ရင်တော့ မြန်မာနိုင်ငံက သတင်းလွတ်လပ်ခွင့် အဆိုးရွားဆုံးနဲ့ အဖိနှိပ်ခံရဆုံးနိုင်ငံထဲမှာ ထိပ်ဆုံးကပါတယ်။ သူတို့ သတင်းလွတ်လပ်ခွင့် ရှိသယောင်ယောင်ဖြစ်အောင် ဒီသတင်းစာ သင်တန်းကို ဖွင့်တာဖြစ်တယ်။ သတင်းစာသင်တန်းဖွင့်တယ်ဆိုတဲ့ သတင်းကို မီဒီယာ မျက်နှာစာမှာတင်ပြခြင်းအားဖြင့် မြန်မာနိုင်ငံဟာ သတင်းလွတ်လပ်ခွင့်ဆီကို ဦးတည်နေတယ်၊ သတင်းလွတ်လပ်ခွင့်နဲ့ ပတ်သက်လို့ သူတို့လည်းပဲ တတ်အား သရွေ့ လုပ်နေတယ်ဆိုတာမျိုး သတင်းဖန်တီးဖို့အတွက် လုပ်တဲ့သင်တန်းလို့ပဲ ကျနော်တို့မြင်တယ်။”

ဒီသင်တန်းတွေမှာ ပြည်ပသတင်းစာဆရာတွေနဲ့ အစိုးရနဲ့ ဆက်ဆံရေးအဆင်ပြေတဲ့ စာနယ်ဇင်းဆရာတွေနဲ့အတူ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာတို့လို အစိုးရ အာဘော်ထုတ် သတင်းစာတွေက အယ်ဒီတာတွေပါ သင်ကြားပေးမှာလို့ သိရှိရပါတယ်။

## အဖွဲ့ချုပ်က စည်းခေါင်းဆောင်များကို သင်တန်းပေး

**DVB၊ ဇွန် ၂၂။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်မှာပြည်နယ်နဲ့တိုင်းက စည်းရုံးရေးခေါင်းဆောင်တွေကိုခေါ်ယူပြီး တပတ်ကြာ စည်းရုံးရေး သင်တန်းလုပ်နေတယ်လို့ ပြန်ကြားရေး အဖွဲ့ဝင်တဦးဖြစ်တဲ့ ဒေါက်တာဝင်းနိုင်က ပြောပါတယ်။

ဒီသင်တန်းကို မန္တလေး၊ ရှမ်းနဲ့ ကယားကလွဲပြီး ကျန် ပြည်နယ်နဲ့တိုင်း ၁၁ ခုက အဖွဲ့ချုပ်ခေါင်းဆောင် ၃၀ ခန့်လာရောက် သင်တန်းတက်နေတယ်လို့ ပြောပါတယ်။ ဒီသင်တန်းကို ဒီနေ့ကစပြီး သောကြာနေ့အထိ တပတ်ကြာပြုလုပ်သွားမှာ ဖြစ်ပါတယ်။ သင်တန်းပို့ချမဲ့ အစီစဉ်တွေကို ဒေါက်တာဝင်းနိုင်က ပြောပါတယ်။

“ပထမဆုံးနေ့မှာ ဦးအုံးကြိုင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သမိုင်း၊ ညနေပိုင်းကျတော့ ဒေါက်တာ ဒေါ်မေဝင်းမြင့်က ဗဟိုအမျိုးသမီးအဖွဲ့ရဲ့ နှစ် ၂၀ ခရီး၊ မနက်ဖြန် ၂၃ ရက် မနက်ပိုင်းကို ဒေါက်တာ ဦးသန်းငြိမ်းက နိုင်ငံရေးနှင့်ကွဲပြားတဲ့အယူအဆမျိုးစုံပြောမယ်။ နေ့ခင်းမှာ ဦးဟန်သာမြင့်က တိုးတက်တဲ့ သိပ္ပံနဲ့ နည်းပညာတွေရဲ့ လူ့အဖွဲ့အစည်းအပေါ် ရိုက်ခတ်မှု၊ ၂၄ ရက် မနက်ပိုင်းမှာ ဦးသိန်းညွန့်က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လက်တွေ့ပြဿနာများ၊ ၂၅ ရက်နေ့မှာ ဦးမျိုးမြင့်က စီးပွားရေးနှင့်ပတ်သက်တဲ့ ခေါင်းစဉ်တခုကို ပြောမယ်။ အပြန်အလှန် ဆွေးနွေးကြမှာပေါ့ဗျာ။ ၂၆ ရက်နေ့ကျရင် တိုင်းနဲ့ပြည်နယ်ကိုယ်စားလှယ်တွေနဲ့ အပြန်အလှန်ဆွေးနွေးခန်းပေါ့။”

စည်းရုံးရေးအပါအဝင် လုပ်ကိုင်မှုစွမ်းရည် မြှင့်တင်တဲ့အနေနဲ့ ဒီသင်တန်းလုပ်ရတာဖြစ်တယ်လို့ ဒေါက်တာဝင်းနိုင်က ရှင်းလင်းပြောဆိုပါတယ်။

## ရေနံချောင်းနှင့် ပဲခူးမှာ ဒေါ်စုဓာတ်ပုံဖြန့်ဝေ

**DVB၊ ဇွန် ၂၄။** ။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဓာတ်ပုံပေးဝေတဲ့ လှုပ်ရှားမှုမှာ ရေနံချောင်းမြို့နယ်က ဝန်ထမ်းတွေအပါအဝင် ပြည်သူတွေက လိုချင်သူများနေတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မကွေးတိုင်း အမျိုးသမီးအဖွဲ့ တာဝန်ခံ ဒေါ်ခင်စောဌေးက ပြောပါတယ်။

ဓာတ်ပုံတွေကို ပြည်သူ့ထံ လိုက်လံဝေငှစရာမလိုဘဲ၊ သူတို့ကိုယ်တိုင် လိုလိုချင်ချင် တောင်းယူသွားတာလို့ ပြောပါတယ်။ ဒါကြောင့် လှုပ်ရှားမှု ၂ လတာအတွင်းမှာ ဓာတ်ပုံ ၄၀၀၀ နီးပါး ပေးဝေနိုင်ခဲ့လို့ အားတက်စရာပဲလို့ ဒေါ်ခင်စောဌေးက ပြောပါတယ်။

“ဓာတ်ပုံက မလောက်နိုင်ဘူး။ အန်တီဝေတာက အနည်းဆုံး ၄ ထောင်ဝေပြီးပြီ၊ အထူးသဖြင့် တောတွေကဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကို မမြင်ဖူးဘူး။ ဗိုလ်ချုပ်သာ မြင်ဖူးတာ။ အဲ့လို လာတောင်းတဲ့သူရှိတယ်။ အင်္ကျီတွေကျတော့ အများကြီး မဝေနိုင်ဘူးလေ။ သူများတွေလိုလဲ ရန်ပုံငွေရအောင် ရိုက်ပြီးတော့ မရောင်းရဲဘူး။ ဝေပေးတဲ့ သဘောဆိုတော့ ကင်းလွတ်တယ်။ လူထုရဲ့ အခြေအနေကတော့ ဝန်ထမ်းတွေကအစ လာတောင်းတယ်။ သူတို့က လူထုအတွက် အနစ်နာခံတဲ့ ခေါင်းဆောင်မို့လို့ ကြည်ညိုတယ်ပေါ့။“

တချို့ ဆင်းရဲတဲ့သူတွေကတော့ ဘုရားစင်အောက်မှာ ဒေါ်အောင်ဆန်းစုကြည်ပုံကို ချိတ်ကပ်ထားပြီး ညတိုင်း မေတ္တာပို့ ဆုတောင်းတယ်။

# သတင်းပြက္ခဒိန်

| 2009 | | | | | | |
| --- | --- | --- | --- | --- | --- | --- |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**ဇွန် ၂၂၊ Nation** ။ ။ ဒေါ်အောင်ဆန်းစုကြည်အပေါ်လုပ်ကြံအမှုဆင်နေချိန်၊ ရွေးကောက်ပွဲအတုပြင်ဆင်နေချိန်ဖြစ်သည့် ယခုသည် ဒေါ်အောင်ဆန်းစုကြည်၊ အဲန်အဲလ်ဒီနှင့်ပြည်သူတို့နှင့် ကမ္ဘာမှ တထပ်ထဲလက်တွဲစည်းရုံးသင့်ချိန်ဖြစ်ကြောင်း Carl Gershman မှရေးသား၏။

**ဇွန် ၂၃၊ Irrawaddy** ။ ။ ကြံ့ဖွံ့ သည် ၂၀၁၀ ရွေးကောက်ပွဲအသင့်ပြင်ခြေလှမ်းအဖြစ် လယ်သမားများအား ကြိုးကိုင်ရန် လယ်ယာမြေသုံးအသေးစားချေးငွေများ ထုတ်ပေးနေ၏။

**ဇွန် ၂၃၊ DVB** ။ ။ နအဖ စိုက်ပျိုးရေးဘဏ်သည် လယ်သမားများထံမှ စိုက်ပျိုးရေးချေးငွေများကို လှီးယူ၍ အတိုးယူနေကြောင်း အဲန်အဲလ်ယ်ဒီမှဆို၏။

**ဇွန် ၂၃၊ Irrawaddy** ။ ။ မြန်မာ၏ လက်နက်သစ်တတ်ဆင်လိုမှု အင်အားဖြည့်လိုမှုသည် ဘူးပေါ်သလိုပေါ်နေပြီး မထိမ်းချုပ်လျှင် ဒေသဆိုင်ရာအတွက် အန္တရာယ်ဖြစ်နိုင်၏ဟု ဦးအောင်ဇော်၏ အာရှ၏ မိစ္ဆာဝင်ရိုးတန်းသုံးနိုင်ငံသည် ကြွက်သားပြ၏ခေါင်းစည်းဖြင့် သတင်းဝေဖန်ချက်မှဆို၏။

**ဇွန် ၂၃၊ Irrawaddy** ။ ။ နာဂစ်မုန်တိုင်းကူညီရေးတွင် ငွေကြေးအချို့ကို ကိုယ်ကျိုးသုံးခဲ့မှုဖြင့် ဗိုလ်မှူးကြီးဟောင်းသန်းဦးနှင့် အရာရှိအချို့အလုပ်ဖြုတ်ခံခဲ့ရ၏။

**ဇွန် ၂၃၊ Irrawaddy** ။ ။ Kang Nam သင်္ဘောသည် မြန်မာအပေါ် ကုလသမဂ္ဂ၏ကန့်သတ်ပိတ်ပင်မှု တားဆီးစစ်ဆေးမှုကို လက်တွေ့စမ်းသပ်ရန် အမေရိကန်နှင့်အခြားနိုင်ငံများသည် မည်သည့်အတိုင်းအတာအထိ လိုက်နာကျင့်သုံးမည်ကို နအဖမှလက်တွေ့စမ်းသပ် တိုင်းတာခြင်းကို အများမှမသိရန် ဖုံးအုပ်စေနိုင်သည်ဟု စာရေးသူရဲနီမှသတင်းဝေဖန်၏။

**ဇွန် ၂၃၊ Philippine Star** ။ ။ မြန်မာသည် ၂၀၀၉–၂၀၁၀တွင် နိုင်ငံခြားခရီးသည် တသန်းလာမည်ဟုခန့်မှန်းကြောင်း။

**ဇွန် ၂၃၊ Mizzima** ။ ။ မြန်မာသတင်းနှင့် စာနယ်ဇင်းအဖွဲ့ MWJA တာဝန်ခံဦးမြင့်လွင် (၆၅) သည် သုံးထပ်တိုက်မှခုံချ၍ မိမိကိုယ်မိမိအဆုံးစီရင်ခဲ့၏။

**ဇွန် ၂၃၊ WTN** ။ ။ မြန်မာသည် စီးပွားရေးခြွတ်ချုံကျအခြေအနေ Failed State သို့ရောက်လုဆဲဖြစ်နေကြောင်း နိုင်ငံခြားရေးပေါ်လစီနှင့် ငြိမ်းချမ်းရေးရံပုံငွေအဖွဲ့သုတေသနပြုချက်မှဆို၏။

**ဇွန် ၂၃၊ RFA** ။ ။ မြန်မာစစ်အုပ်စုကို နိုင်ငံတကာက လက်နက်ရောင်းချနေတာတွေရပ်ဆိုင်းသွားအောင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အမြန်ဆုံးဖြတ်ပေးဘို့ EPCB ခေါ် မြန်မာ့ဒီမိုကရေစီရေးဆိုင်ရာ ဥရောပသမဂ္ဂပါလီမန်လွှတ်တော်အမတ်များအဖွဲ့က ဇွန်လ ၂၀ ရက်နေ့မှာ တောင်းဆိုလိုက်ပါတယ်။

**ဇွန် ၂၃၊ RFA** ။ ။ တွံတေးမြို့နယ် သန်းပင်စမ်းရွာမှ ဇင်မင်းအောင် (၁၄ နှစ်) ပျောက်၍ရှာရာ စစ်သားစုဆောင်းရေးတွင် ရောက်နေကြောင်း မိခင်ဒေါ်ကြူကြူမှာမှဆို၏။

**ဇွန် ၂၃၊ RFA** ။ ။ မြန်မာအား နိုင်ငံရေး၊ စီးပွားရေးဖိအားပေးခြင်းကို ရုရှားမှကန့်ကွက်ကြောင်း၊ သို့သော် နအဖစစ်အုပ်စုသည် ဒေါ်အောင်ဆန်းစုကြည်အမှုကို ဥပဒေနှင့်အညီဆောင်ရွက်မည်ဟု မျှော်လင့်ကြောင်း ဇွန်၂၁ တွင် ရုရှားမှထုတ်ပြန်ကြေညာ၏။

**ဇွန် ၂၃၊ SEOUL** ။ ။ မြောက်ကိုးရီးယားအလံထူသင်္ဘောသည် မြန်မာသို့ပိတ်ပင်ထားသော (လက်နက်) ပစ္စည်းများသယ်ဆောင်ဦးတည်နေသည်ဟု ယူဆရကြောင်း။

**ဇွန် ၂၄၊ Nation** ။ ။ နေပြည်တော်တွင် မြေအောက်လိုဏ်ခေါင်းများဆောက်နေမှုဓာတ်ပုံများ ပေါက်ကြားမှုအတွက် နအဖသည် ရာထူးကြီးလူအချို့ကို အလုပ်ဖြုတ်ခြင်း၊ သတင်းထောက်အချို့အား ဖမ်းခြင်းများပြုခဲ့၏။

**ဇွန် ၂၄၊ AFP** ။ ။ မျှော်လင့်ချက်ဟူသည့်စာလုံးပေါ်တွင် အိုဘားမား၏ပုံတူဆွဲခဲ့သူ၏ Shepard Fairey သည် ဒေါ်အောင်ဆန်းစုကြည်၏ပုံတူတွင် နှလုံးသားနေရာ၏အပေါ်ရောင်ချည်နီများပေါ်တွင် ငြိမ်းချမ်းရေးငှက် ခိုဖြူပုံရေးဆွဲကာ အထက်တွင် FREEDOM TO LEAD ဦးဆောင်ရန် လွတ်လပ်မှုစာလုံးများရေးထား၏။

**ဇွန် ၂၄၊ VOA** ။ ။ ဒေါ်အောင်ဆန်းစုကြည်အမှုတွင် ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ခုခံသက်သေထွက်ရန် တင်ပြထားသော NLD ဒုဥက္ကဋ္ဌဦးတင်ဦးနှင့် သတင်းစာဆရာကြီး ဦးဝင်းတင်တို့အား သက်သေအဖြစ်လက်မခံရန် အစိုးရရှေ့နေများမှ ယနေ့တရားရုံးတွင် လျှောက်ထားကြ၏။

**ဇွန် ၂၄၊ UN** ။ ။ ကုလအတွင်းရေးမှူးချုပ် မြန်မာခရီးဖြစ်မြောက်ရေးအတွက် ကုလ၏မြန်မာ့အရေးအထူးအကြံပေး Ibrahim Gambari သည် မြန်မာသို့ဇွန် ၂၆ မှစ၍ ၂ ရက်တာခရီးစတင်မည်ဟု ကုလသမဂ္ဂမှအတည်ပြု၏။

**ဇွန် ၂၅၊ WTN** ။ ။ မြောက်ကိုးရီးယား၏ မြန်မာအတွက် လက်နက်များတင်သည့်သင်္ဘောအားရပ်ဆိုင်းရန် လက်ရှိကုလ၏ ပိတ်ပင်တားဆီးမှုများသည် မထိမိကြောင်း၊ မြောက်ကိုးရီးယားအပေါ် ဖိအားထိမိသူသည် တရုတ်သာဖြစ်၍ တရုတ်အား အမေရိကန်မှ ဖိအားပေးသင့်ကြောင်း အမေရိကန်ဝါရင့်အမတ် ဂျွန်မက်ကိန်းမှဆို၏။

**ဇွန် ၂၆၊ Mizzima** ။ ။ သက်သေခေါ်ခွင့်ရှိမရှိ တရားရုံးချုပ်၏ဆုံးဖြတ်ချက်မကျသေး၍ အင်းစိန်ထောင်တွင်းအထူးရုံးသည် ဒေါ်အောင်ဆန်းစုကြည်အပေါ် အကျယ်ချုပ်ဖောက်ဖျက်မှုအမှုကို ဂျူလိုင် ၃ သို့ အမှုရက်ချိန်းလိုက်ကြောင်း။

**ဇွန် ၂၆၊ AP** ။ ။ Ibrahim Gambari ၏ ဘန်ကီမွန်း မြန်မာသို့လာဖြစ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ်မြန်မာသို့ ယနေ့ရောက်လာမှုကို အဲန်အဲလ်ယ်ဒီမှ ကြိုဆိုကြောင်း။

**ဇွန် ၂၆၊ AP** ။ ။ ကုလသမဂ္ဂမှ တားမြစ်ထားသော (အနုမြူ သို့မဟုတ် လက်နက်) ပစ္စည်းများကို မြန်မာသို့ပို့ရန် သယ်ဆောင်လာသည်ဟုယူဆရသည့် မြောက်ကိုးရီးယားသင်္ဘောကို စစ်ဆေးရန် အမေရိကန်သည် အင်အားသုံးမည်မဟုတ်ဟု သက်ဆိုင်ရာအမေရိကန်အရာရှိတဦးမှဆို၏။

**ဇွန် ၂၆၊ NASDAQ** ။ ။ ၂၀၀၈ တွင် မြန်မာပြည်တွင် ဘိန်းစိုက်ပျိုးမှု ၂၀၀၇ ထက် အနည်းငယ်တိုးများခဲ့ကြောင်း။

**ဇွန် ၂၆၊ Time** ။ ။ မြန်မာသည် အဘယ်ကြောင့် မြောက်ကိုးရီးယား၏အနီးစပ်ဆုံးမိတ်ဆွေနိုင်ငံဖြစ်နိုင်သည်ကို စာရေးသူ Ishaan Tharoor မှ သတင်းဝေဖန်၏။

**ဇွန် ၂၆၊ BEIJING** ။ ။ မြန်မာအပေါ် ပိတ်ပင်တာဆီးသည့် Sanction များသည် အကျိုးမပြုကြောင်းနှင့် တရုတ်နှင့်ထိုင်းသည် ထိုသို့ပိတ်ပင်မှုများကို မယုံကြည်ကြောင်း တရုတ်ရောက် ထိုင်းဝန်ကြီးချုပ်မှဆို၏။

**ဇွန် ၂၆၊ Mizzima** ။ ။ ထောင် ၆၈ နှစ်အပေးခံရသူ အရှင်ဂမ္ဘီရအပေါ် ထောင်ဒဏ် ၅ နှစ်လျှော့လိုက်ကြောင်း။

**ဇွန် ၂၆၊ Irrawaddy** ။ ။ ဒေါ်အောင်ဆန်းစုကြည်အပေါ် အကျယ်ချုပ်ဖောက်ဖျက်သည့် အမှုသည် နအဖ၏လမ်းပြမြေပုံအောင်မြင်ရေး တရားမဝင်အဓိကခြေလှမ်းတခုဖြစ်

**စာမျက်နှာ ၁၅ သို့**

# မလေးရှားတွင် ဒေါ်စုမွေးနေ့ ပွဲ တားဆီးခံရ၊ မြန်မာ ၁၅ ဦးခန့် ဖမ်းဆီးခံရ

**DVB | ဇွန် ၂၀ ။ ။** မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာပြုလုပ်တဲ့ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ပွဲမှာ မြန်မာနိုင်ငံသား ၁၅ ခန့်ကို ဖမ်းဆီးသွားတယ်လို့ မလေးရှားအခြေစိုက် မြန်မာဒုက္ခသည်အဖွဲ့က ပြောပါတယ်။

ဒီပွဲကို မလေးရှားအတိုက်အခံပါတီနဲ့ လူ့အခွင့်အရေးလှုပ်ရှားသူ အန်ဂျီအိုအဖွဲ့က ပူးပေါင်းပြီး ကွာလာလမ်ပူမြို့လယ် လူစည်ကားတဲ့ အန်းခလော့ပ် ကုန်တိုက်မှာ ည ၈ နာရီကနေ ၁၀ နာရီအထိ ကျင်းပဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် မလေးရှားအာဏာပိုင်တွေက လုံခြုံရေးဝတ်စုံနဲ့ရော အရပ်ဝတ်နဲ့ပါ ပတ်ပတ်လည်လည်ဝိုင်းထားပြီး ပွဲခင်းအတွင်း လူတွေမဝင်နိုင်အောင် တားဆီးလိုက်တာလို့ မြန်မာဒုက္ခသည်အဖွဲ့ ဥက္ကဋ္ဌဦးမောင်လှက ပြောပါတယ်၊ အကြောင်းပြချက်ကတော့ လုပ်ခွင့်ပါမစ်မယူလို့ တားဆီးတာလို့ပွဲကိုရောက်ခဲ့သူ ဦးမောင်လှက ပြောပါတယ်။

"ဒီပွဲက သူတို့ ပါမစ်တောင်းပြီး လုပ်တာမဟုတ်တဲ့အတွက် လုပ်လို့မရဘူး၊ မသွားပါနဲ့ဆိုပြီး လမ်းမှာတားတာ။ သွားရင် ဖမ်းမယ်လို့ ပြောတာကိုး။ ပါမစ်ကိုအကြောင်းပြပြီးတော့ ဒီပွဲကို မဖြစ်အောင် လုပ်လိုက်တဲ့သဘောပဲ။"

ဖမ်းထားတဲ့အထဲမှာ ဘယ်သူတွေလို့ သိရပါသလဲ...

"သူတို့နိုင်ငံသားတွေရယ်၊ ဘားကောင်စီက ရှေ့နေတွေရယ်၊ တီနာဂါနီးသားက ဒေါက်တာ အဲရိန်းဂျင်နာဇတ်ရယ်၊ နောက် ဒီကိုတက်လာတဲ့ လူတွေထဲက လူ့ဘောင်သစ်ပါတီက ကိုမင်းသိမ်း၊ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ကိုထင်ကျော်၊ သီချင်းဆိုဖို့သွားတဲ့ ကလေးတွေ၊ ရခိုင် အေအယ်တီက သုံးယောက်၊ ထက်အောင်ရှိုင်းဆိုတဲ့ ကောင်လေးလည်း ပါသွားတယ်။ နောက်ဆုံးအခြေအနေကတော့ သူတို့ကို အချုပ်ခန်းထဲ ထည့်လိုက်တယ် ထင်တယ်။ လုံးဝ ဆက်သွယ်လို့ မရဘူး။"

" ဒေါ်အောင်ဆန်းစုကြည်မွေးနေ့လုပ်တဲ့ သက်တမ်းတလျှောက်မှာ ဒီလို ဖြစ်ခဲ့ဖူးလားရှင့်...

"တခါမှမဖြစ်ဖူးဘူး။ အခုက ဒီအန်ဂျီအိုတွေ၊ ဒီရှေ့နေတွေ ကိုယ်တိုင်က ဒေါ်စုအတွက်ကို သူတို့ ဒီမလေးရှားနိုင်ငံက ဒီအန်ဂျီအိုတွေနဲ့ တချို့အတိုက်အခံပါတီတွေ ပူးပေါင်းပြီးတော့လုပ်တော့ မလေးရှားအစိုးရက ပွဲမဖြစ်အောင်လုပ်တဲ့ သဘောပဲ။"

အခုလိုဖြစ်တဲ့အပေါ်မှာ မြန်မာ့နိုင်ငံရေးအခြေအနေပေါ် မလေးရှားအစိုးရရဲ့ သဘောထားကို ဘယ်လို ပြောနိုင်ပါသလဲ...

"ရှင်းရှင်းပြောရရင်တော့ အာရှနိုင်ငံတွေကပြောနေတဲ့ ဗမာကို အပြုသဘောနဲ့ဆိုတာက စစ်အုပ်စုဘက်ကပဲ လိုက်ပြီးတော့ အပြုသဘောပဲ လုပ်နေတယ်။ အတိုက်အခံခေါင်းဆောင်တယောက်ရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်မှာ မူတည်ပြီး မြန်မာ့ဒီမိုကရေစီအရေးကို သူတို့က လုံးဝကို တွေ့ဆုံဆွေးနွေးရေးတို့ဘာတို့ ဖြစ်လာအောင် လုပ်ပေးချင်တယ်၊ စေ့စပ်ပေးချင်တယ် ဆိုတဲ့ သဘောမရှိဘူး။ အဲ့တော့ဒီမြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီမရဘူး။ ပြည်တွင်းမှာလူ့အခွင့်အရေးတွေ ဖောက်ဖျက်ခံနေရတယ်။ ဒီလိုမျိုးဖြစ်နေတာတွေ တကယ်တမ်းတွက်ကြည့်မယ်ဆိုရင် သူတို့က ဒုက္ခသည်တွေဆီကပဲ ဖြစ်ဖြစ်၊ မြန်မာနိုင်ငံကလာတဲ့ တရားမဝင် အလုပ်သမားတွေဆီကပဲဖြစ်ဖြစ် လုပ်အားတွေကို အောက်ဈေးနဲ့ရတယ်ဆိုတဲ့သဘောမျိုး ဖြစ်နေတော့ ဗမာပြည် ဒီမိုကရေစီမရလေ သယံဇာတပစ္စည်းတွေ၊ လုပ်အားတွေ အလကားနီးပါးရလေ ဖြစ်နေတော့ အိမ်နီးချင်းနိုင်ငံတွေက အိမ်နီးချင်းကောင်း မပီသဘူးလို့ပဲ ကျနော်ပြောချင်တယ်။"

ဒီဖမ်းဆီးမှုမှာ မလေးလူမျိုးတွေကို ပြန်လွှတ်ပေးလိုက်တယ်လို့ဆိုပါတယ်။ အဲဒီအန်ဂျီအိုအဖွဲ့ ခေါင်းဆောင်က ထိုင်း–မလေးနယ်စပ်က မြန်မာ အပါအဝင် နိုင်ငံခြားအလုပ်သမားတွေကို လူမှောင်ခိုကူးမှုကို ကမ္ဘာသိအောင် ဖော်ထုတ်ပေးနေတဲ့ စာရေးဆရာတဦးဖြစ်တယ်လို့သိရပါတယ်။ အခုလုပ်တဲ့ပွဲမှာလည်း မြန်မာအလုပ်သမားတွေ အများစုကို တက်ရောက်ဖို့ ပွဲဦးဆောင်သူ အတိုက်အခံပါတီနဲ့ အန်ဂျီအိုအဖွဲ့က ဖိတ်ကြားထားတာလို့ ဦးမောင်လှက ပြောပါတယ်။

# အလုံမြို့နယ် ဥက္ကဋ္ဌ ထောင်ပြောင်းခံရ

**DVB | ဇွန် ၂၀ ။ ။** အန်အယ်လ်ဒီ အလုံမြို့နယ် ဒုဥက္ကဋ္ဌ ဦးဘမြင့်ကို ဒီလ ၄ ရက်နေ့က ရန်ကုန် အင်းစိန်ထောင်ကနေ ကချင်ပြည်နယ် ဗန်းမော်ထောင်ကို ပြောင်းရွှေ့လိုက်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးဉာဏ်ဝင်းက ပြောပါတယ်။

ဦးဘမြင့်ဟာ အသက် ၇၀ ကျော်အရွယ်ရှိနေပြီဖြစ်ပြီး ထောင်ပြောင်းလိုက်တာနဲ့ ပတ်သက်လို့ ဦးဉာဏ်ဝင်းက အတည်ပြုပြောပါတယ်။

"ဗန်းမော်ကိုပြောင်းတယ်လို့ ကြားတယ်။ ပြောင်းတာတွေနဲ့ ပတ်သက်ပြီး ဘာအကျိုးအကြောင်းမှ သူတို့က ပြောတာလည်းမရှိဘူး။ ပြောင်းချင်တာ ပြောင်းနေတာ။ ဒါက အန်ကယ်လ်တို့လည်း ဘယ်လိုမှ မှတ်ချက်ပေးလို့မရဘူး။"

အလုံမြို့နယ် အန်အယ်လ်ဒီ ဒုဥက္ကဋ္ဌ ဦးဘမြင့်ဟာ ဒေါ်အောင်ဆန်းစုကြည် အင်းစိန်ထောင်ကို ရောက်လာလို့ ဒေါ်စု လွတ်မြောက်ရေးအတွက် ထောင်တွင်း လှုပ်ရှားမှုလုပ်ဖို့ စည်းရုံးခဲ့တဲ့အတွက် အသက်အရွယ် ကြီးရင့်နေတဲ့ကြားက မိသားစုနဲ့ဝေးလံတဲ့ ဗန်းမော်ထောင်ဆီကို ပြောင်းရွှေ့လိုက်တာလို့ နိုင်ငံရေးအကျဉ်းသား မိသားစုတွေကတဆင့်သိရပါတယ်။ ဦးဘမြင့်ကို အမျိုးသားညီလာခံဆန့်ကျင်မှုနဲ့ ၂၀၀၄ ဒီဇင်ဘာမှာ အာဏာပိုင်တွေက ဖမ်းဆီးခဲ့တာဖြစ်ပြီး ၂၀၀၅ ဇွန်မှာ ထောင်ဒဏ် တသက်တကျွန်း ချမှတ်ခဲ့ပါတယ်။

# ဒေါ်စုကို မလွှတ်လျှင် ပိတ်ဆို့မှုတိုးမည်

**DVB | ဇွန် ၂၁ ။ ။** ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်မပေးရင် ဒီထက်ပြင်းထန်တဲ့ စီးပွားရေးပိတ်ဆို့မှုနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ အီးယူ ဥရောပသမဂ္ဂက နအဖစစ်အုပ်စုကို သတိပေးလိုက်ပါတယ်။

အီးယူဌာနချုပ်တည်ရှိရာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှာ မနေ့က ကျင်းပတဲ့ အီးယူ ၂၇ နိုင်ငံဝန်ကြီးများအဆင့် အစည်းအဝေးအပြီး ထုတ်ပြန်တဲ့ ကြေညာချက်မှာ အခုလိုသတိပေးထားတာ ဖြစ်ပါတယ်။ ဒီမိုကရေစီ၊ လွတ်လပ်ခြင်းနဲ့ လူ့အခွင့်အရေးတွေအတွက် ကြိုးပမ်းနေသူ ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးဖို့ အီးယူက တောင်းဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို မလွှတ်ပေးဘူးဆိုရင် ၂၀၁၀ ရွေးကောက်ပွဲရဲ့ တရားဝင်မှုကို ထိခိုက်နိုင်ကြောင်း၊ ဒီအတွက် အီးယူဘက်ကနေ တိကျတဲ့ပစ်မှတ် ရွေးချယ်ပြီး စီးပွားရေးပိတ်ဆို့မှုတွေတိုးမြှင့် လုပ်ဆောင်ရလိမ့်မယ်လို့ မနေ့က ထုတ်ပြန်တဲ့ အီးယူကြေညာချက်မှာ ဖော်ပြထားပါတယ်။ အစည်းဝေးတက်ရောက်လာတဲ့ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွင်ဘရောင်းက ၆၄ နှစ်ပြည့် မွေးနေ့မှာ ဒေါ်အောင်ဆန်းစုကြည် ဖမ်းဆီးခံနေရတဲ့အတွက် အထူးဝမ်းနည်းရတယ်လို့ ပြောပါတယ်။

လက်ရှိ အီးယူ အလှည့်ကျဥက္ကဋ္ဌ ချက်နိုင်ငံခြားရေးဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်အား ဒီလိုဖမ်းဆီးတဲ့အတွက် ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲအကျိုးဆက်တွေ အတွက် သူတို့မှာ တာဝန်ရှိတယ်ဆိုတာကို နအဖစစ်အုပ်စုသိစေချင်ကြောင်း၊ ဒါကြောင့် ပစ်မှတ် အတိအကျရွေးချယ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှု တိုးလုပ်ဖို့ အီးယူက စဉ်းစားနေကြောင်း၊ ဒီကိစ္စအတွက် အာရှနိုင်ငံတွေနဲ့ပါ ပူးတွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ ဘရပ်ဆဲလ်ကလာတဲ့ အေဂျင်စီသတင်းတွေမှာ ဖော်ပြထားပါတယ်။





## ဥပင်လှိုက်ခေါင်းပြဿနာ

မြန်မာစစ်အာဏာပိုင်တွေက လျှို့ဝှက်စွာတည်ဆောက်နေတဲ့ ဥမင်လှိုဏ်ခေါင်းနဲ့ပတ်သက်တဲ့အကြောင်းတွေနဲ့ ဓာတ်ပုံအထောက်အထားတွေ နိုင်ငံတကာအသိုင်းသို့ ပျံ့နှံ့သွားပြီးတဲ့နောက်ပိုင်း ဆက်နွယ်မှုရှိတဲ့ စစ်တပ်ထဲက အဆင့်မြင့်အရာရှိ အတော်များများကို ရာထူးဖြုတ်လိုက်တဲ့သတင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်၊ ဒီဥမင်လှိုဏ်ခေါင်းပုံတွေနဲ့ အထောက်အထားတွေထွက်ပေါ်လာတော့ ကမ္ဘာကလည်း အံ့အားသင့်သွားခဲ့ပါတယ်။ **(THE NATION, VOB, 24.6.2009)**

## ပြစ်ဒဏ်ခတ်အရေးယူမှုအသစ်

ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက နအဖစစ်အာဏာရှင်တွေလုပ်နေတဲ့ ဒေါ်စုကို တရားရုံးတင်စစ်ဆေးမှုတွေကို အတုအယောင် ရုံးတင်စစ်ဆေးမှုတွေလုပ်နေတာမို့ လုံးဝလက်မခံနိုင်ကြောင်း ပြောဆိုလိုက်ပြီး ပိုမိုပြင်းထန်တဲ ပြစ်ဒဏ်ခတ်အရေးယူမှုတွေကို မြန်မာစစ်အာဏာရှင်တွေအပေါ် ချမှတ်နိုင်ဖို့ ပြင်ဆင်နေပြီလို့ ဆိုလိုက်ပါတယ်။ **(DOWN JONES, 24.6.2009)**

## ခရီးသွားတသန်းပစ်မှတ်

မြန်မာပြည်က စစ်အာဏာပိုင်တွေဟာ နိုင်ငံတွင်းကို နိုင်ငံခြားခရီးသွားဧည့်သည်တွေ ပိုမိုလာရောက်ဖို့အတွက် တိုးမြှင့်ကြိုးပမ်းနေတာမို့ ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဧည့်သည်တသန်းလာဖို့ပစ်မှတ်ထားတယ်လို့ သိရပါတယ်၊ ဒါကြောင့် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းတွေ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းပါဆိုပြီးခရီးသွားလုပ်ငန်းအာဏာပိုင်တွေက ပြောဆိုနေပါတယ်။ **(XINHUA, 23.6.2009)**

## မြန်မာ့ဘိန်းအထွက်

မြန်မာပြည်ထဲမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေကျဆင်းလာနေချိန်မှာ ဘိန်းစိုက်ပျိုးမှုတိုးတက်လာတယ်လို့ သိရပါတယ်။ ၂၀၀၈ ခုနှစ်အတွင်း စိုက်ပျိုးမှုပမာဏ ၃ ရာခိုင်နှုန်းတက်လာပေမဲ့လည်း အထွက်ကတော့ ကျခဲ့ပါတယ်လို့ နအဖပြည်ထဲရေးဝန်ကြီးကပြောပါတယ်။ ကုလသမဂ္ဂမူးယစ်ဆေးနှိမ်နင်းရေးအထိမ်းအမှတ်အခမ်းအနားမှာ အဲဒီလိုပြောသွားတာပါ။ (AFP, 26.6.2009)

## ယပ်တောက လက်သည်တဲ့

နအဖရဲချုပ်ခင်ရီက ယပ်တောနဲ့ဒေါ်စုတို့ကို တရားရုံးစွဲချက်တင်တဲ့ကိစ္စနဲ့ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲလုပ်ခဲ့ပါတယ်၊ အဲဒီမှာ ဒီကနေ့အထိ ဖြစ်ပျက်နေတဲ့အရာတွေရဲ့ အဓိကလက်သည်ဟု ယပ်တောဖြစ်ပြီး ဒေါ်စုနဲ့သူမရဲ့ နေအိမ်မှာနေတဲ့သူတွေလည်း တာဝန်မကင်းဘူးလို့ဆိုပါတယ်၊ ဒေါ်စုနေအိမ်ကို စောင့်ကြပ်နေတဲ့ လုံခြုံရေး၊ အရင်တုန်းက အလားတူ ဒေါ်စုအိမ်ထဲကို ဝင်ခဲ့တဲ့ ယပ်တောကို ဗီဇာထုတ်ပေးတာတွေအတွက်တော့ ဘာမှ မပြောသွားပါဘူး။ (AP, 23.6.2009)

## ဂမ်ဘာရီရဲ့မြန်မာပြည်ခရီး

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း မြန်မာပြည်မသွားမီ လိုအပ်တဲ့အစီအစဉ်တွေနဲ့ညှိနှိုင်းမှုတွေပြုဖို့ အီဘရာဟင်ဂမ်ဘာရီ မြန်မာနိုင်ငံကို သောကြာနေ့က ရောက်သွားပါတယ်။ ၂ ညအိပ်ခရီးစဉ်အတွင်း စစ်အုပ်စု အဆင့်မြင့်အရာရှိတွေနဲ့တွေ့ပြီး ဒေါ်စုလွှတ်မြောက်ရေးကိစ္စဆွေးနွေးဖို့လည်း ရှိပါတယ်။ (REUTERS, 25.6.2009)

## ပြစ်ဒဏ်ခတ်မှု အထောက်အကူမဖြစ်

တရုတ်ပြည်ကိုရောက်နေတဲ့ ထိုင်းဝန်ကြီးချုပ် အဘီဆစ်က နအဖစစ်အုပ်စုအပေါ် ပြစ်ဒဏ်ခတ်အရေးယူမှုဟာ မြန်မာပြည်တိုးတက်ရေးအတွက်အထောက်အကူမပြုဘူးလို့ ပြောဆိုလိုက်ပါတယ်။ ထိုင်းနိုင်ငံလိုမျိုး မြန်မာစစ် အာဏာရှင်တွေနဲ့ ချဉ်းကပ်ဆက်ဆံတာမျိုးကို နိုင်ငံတကာအသိုင်းအဝိုင်းက လုပ်ဖို့လိုတယ်လို့ ဆိုပါတယ်။ **(AFP, 26.6.2009**

## နာဂစ်လာဘ်စားမှု

လူ သန်းနဲ့ချီသေဆုံးပြီး သန်းနဲ့ချီ ဘဝပျက်ခဲ့ရတဲ့ ၂၀၀၈ နာဂစ်မုန်တိုင်းဘေးသင့်သူများကို ကယ်ဆယ်ရေးအတွက် ကူညီထောက်ပံ့မှုများကို ကိုယ်ကျိုးအတွက် ရယူအသုံးပြုခဲ့တဲ့သူတွေကို စစ်အုပ်စုက ရာထူးကနေ ဖြုတ်ပစ်လိုက်တယ်လို့ သိရပါတယ်။ အဲဒီအထဲမှာ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေ ရာချထားရေးဦးစီးဌာနကညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဟောင်းသန်းဦး လည်းပါဝင်တယ်လို့သိရပါတယ်။ နိုင်ငံခြားအကူအညီတွေကနေ ဒေါ်လာ သိန်းနဲ့ချီပြီး ကိုယ်ကျိုးအတွက် ရယူခဲ့တယ်လို့စွပ်စွဲခံခဲ့ရပါတယ်။ **(IRRAWADDY, 23.6.2009)**

## မြောက်ကိုရီးယားအကူ

မြောက်ကိုရီးယားဟာ မြန်မာပြည်အတွက် ဖျက်အားပြင်းလက်နက်တွေ ရရှိစေရေးအတွက် အကူအညီပေးနေတယ်လို့ သိရပါတယ်။ တောင်ကိုရီးယားသတင်းစာတစောင်ထဲမှာ ညျူကလီယားအစီအစဉ်တွေမှာသုံးဖို့ နည်းပညာတွေကို နအဖက ဝယ်ယူနေသလို မြန်မာပြည်က ဆိပ်ကမ်းတွေ လေဆိပ်တွေသုံးပြီး အီရန်လိုမျိုး တတိယနိုင်ငံတွေကို ညျူကလီယားနဲ့ တခြား လက်နက်တွေကို တဆင့်ခံတင်ပို့နိုင်ဖို့ မြောက်ကိုရီးယာက မြန်မာအာဏာပိုင်တွေကို တောင်းဆိုတယ်လို့ဆိုပါတယ်။ **(CHOSUN ILBO, 26.6.2009)**

## မြောက်ကိုရီးယားသင်္ဘော အကြောင်းမရေးရ

လက်နက်တွေတင်ဆောင်လာတယ်လို့ သံသယဖြစ်ဖွယ်ရှိတဲ့မြောက်ကိုရီးယားသင်္ဘော ကန်နမ်ကို အမေရိကန်စစ်သင်္ဘောတွေက နောက်ယောင်ခံလိုက်လျက်ရှိတာမို့ ဒီသတင်းကို ကမ္ဘာက မျက်ခြည်မပြတ်စောင့်ကြည့်နေပါတယ်၊ ကန်နမ်ဟာ မြန်မာပြည်ကိုဦးတည်သွားနေတယ်ဆိုတဲ့ တွက်ဆချက်တွေထွက်ပေါ်နေတာမို့ ဒီအကြောင်းတွေကို မဖော်ပြရဘူးလို့ စစ်အာဏာရှင်တွေက ပြည်တွင်းစာနယ်ဇင်းသမားတွေကို အမိန့်ထုတ်ထားပါတယ်။ (IRRAWADDY, 24.6.2009)

# ပျောက်ဆုံးသွားတဲ့ ကလေးစစ်သား မောင်ကျော်မျိုးနိုင် အိမ်ပြန်ရောက်ပြီ

**DVB၊ ဇွန် ၂၁။** ။ လွန်ခဲ့တဲ့ ဖ လက နေရပ်ကနေ ပျောက်ဆုံးသွားပြီး ကလေးစစ်သားအဖြစ် အဓမ္မသိမ်းသွင်းခံရတဲ့ အသက် ၁၇ နှစ်အရွယ် မောင်ကျော်မျိုးနိုင်ကို သက်ဆိုင်ရာ အာဏာပိုင်တွေက ဒီလ ၁၉ ရက်နေ့က မိဘတွေထံ ပြန်လည်အပ်နှံတယ်လို့ ဖခင်ဖြစ်သူ ဦးတင်မျိုးနိုင်က ပြောပါတယ်။

၂၀၀၈ ဒီဇင်ဘာလက အိမ်ကဝက်ကိုပေါ်ပြီး ဒိုက်ဦးမြို့ပေါ်တက်လာတဲ့ မောင်ကျော်မျိုးနိုင်ကို စည်ပင်သာယာ အာဏာပိုင်တွေက ဝက်လိုင်စင်မပါမှုနဲ့ ဖမ်းဆီးရာက နောက်ဆုံး မွန်ပြည်နယ်အခြေစိုက် ခြေလျင်တပ်ရင်း ၁၁၈ မှာ စစ်သားအဖြစ် ပို့ဆောင်ခံခဲ့ရတာပါ။ မောင်ကျော်မျိုးနိုင် ပျောက်သွားပြီးချင်း မိသားစုက အပူတပြင်း လိုက်ရှာခဲ့ပေမယ့် ရက် ၂၀ ကြာတဲ့အထိ ဘာသတင်းမှ မရလို့ လမ်းပြကြယ်အဖွဲ့ ဒိုက်ဦးမြို့က ဦးမြင့်သိန်း၊ ပဲခူးမြို့က ရှေ့နေ ဦးအေးမြင့် တို့နဲ့အဆက်သွယ်ရပြီး အဆင့်ဆင့် လိုက်လံစုံစမ်းခဲ့ကြတာပါ။

ဒီလ ၂ ရက်နေ့က တပ်ရင်း ၁၁၈ ကတဆင့် မောင်ကျော်မျိုးနိုင်ရေးတဲ့ စာကိုလက်ခံရပြီးနောက် မိဘတွေက သထုံတပ်ရင်းကို ၃ ကြိမ်တိတိလိုက်သွားပေမယ့် အကြောင်းပြချက်အမျိုးမျိုးနဲ့ မောင်ကျော်မျိုးနိုင်ကို ခေါ်ခွင့်မရခဲ့ပါဘူး။ ဒါကြောင့် ရှေ့နေဦးအေးမြင့် အကူအညီနဲ့ အိုင်အယ်လ်အိုရုံးကို ဇွန် ၄ ရက်၊ ၁၁ ရက်တွေမှာ အကြောင်းစုံတင်ပြခဲ့ကြပါတယ်။ ဒီလ ၁၉ ရက် ပြီးခဲ့တဲ့ သောကြာနေ့မှာ အာဏာပိုင်တွေက ကလေးကို မိဘတွေထံ ပြန်အပ်နှံခဲ့ပုံကို ဖခင်ဖြစ်သူ ဦးတင်မျိုးနိုင်က ပြောပါတယ်။

"အခု ၁၉ ရက်နေ့မှ ကလေးကို လာပြန်ခေါ်ပါဆိုပြီး ၁၁၈ တပ်ရင်းက ဗိုလ်ကြီးတွေက ပြောတယ်။ ပထမဦးဆုံး သွားတွေ့ချိန်တုန်းက ပြန်ခေါ်သွားလို့ မရဘူး။ ကလေးကို ပြန်ပို့ဖို့အတွက် လုပ်ကိုင်ဆောင်ရွက်နေပါတယ်၊ ကလေးအတွက် တော်တော်လေး အလုပ်တွေများနေပါတယ်ပေါ့။ အထက်လူကြီးမင်းတွေကို သူတို့က တိုင်ကြားပြီးမှ ဟိုက အမိန့်ရလာမှ ကျနော်တို့ကိုခေါ်ပြီး သူတို့ကပြန်အပ်ပါတယ်။"

မောင်ကျော်မျိုးနိုင်တို့ မိသားစုဟာ ပဲခူးတိုင်း ဒိုက်ဦးမြို့အနီးက ရွှေလုံကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာမှာနေထိုင်ပြီး မောင်ကျော်မျိုးနိုင်က အကြီးဆုံးသားဖြစ်ပါတယ်။ မောင်ကျော်မျိုးနိုင်က ဖ လတာတွင်း သူကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက် အပြည့်အစုံကို ပြောပါတယ်။

"ဒိုက်ဦးကို ကျနော်ဝက်သားထမ်းနဲ့သွားတာ စည်ပင်သာယာရေးအဖွဲ့နဲ့ အဖမ်းခံရတယ်။ ဒဏ်ငွေဆောင်နိုင်ရင်ဆောင်၊ မဆောင်နိုင်ရင် ထောင် ၁ နှစ်ကျမယ်တဲ့။ ကျနော် ကြောက်ပြီး ထွက်ပြေးပြီး ရထားနဲ့နေပြည်တော်ကို လိုက်သွားတယ်။ နေပြည်တော်မှာ ရဲနှစ်ယောက်က ကျနော့်ကို ဖမ်းပြီး သာစည်က ဦးခင်မောင်ညိုဆီကို ပို့တယ်။ နောက် မန္တလေးစုဆောင်းရေးကို ပို့တယ်။ အဲ့ဒီကတဆင့် သပိတ်ကျင်းသင်တန်းကျောင်းကို ကျနော် သွားတက်ရတယ်။ အဲ့ဒီကနေပြီး သထုံ ၁၁၈ တပ်ရင်းကို ကျနော်တာဝန်ကျတယ်။ အဲဒီမှာ မနေချင်တော့လို့ တိုင်းကို ထွက်စာ သွားပို့တယ်။ တိုင်းက ကျလာတော့ ကျနော့်ကို ထွက်ခွင့်ပေးတော့ အခုဒီရွာကို ရောက်လာတယ်။"

ဖ လအတွင်း သပိတ်ကျင်း သင်တန်းကျောင်းမှာရော ၁၁၈ တပ်ရင်းမှာပါ သူ့ကို ရိုက်နှက်တာ၊ ဆဲဆိုတာမျိုးမလုပ်ဘဲ ကောင်းကောင်းမွန်မွန်ထားတယ်လို့ မောင်ကျော်မျိုးနိုင်က ပြောပါတယ်။ မောင်ကျော်မျိုးနိုင်ကို ကလေးစစ်သားအဖြစ် သိမ်းသွင်းခဲ့တဲ့ အောက်ခြေဝန်ထမ်းတွေရဲ့မဆင်မခြင် လုပ်ရပ်ကြောင့် မိသားစုတွေ သောကများခဲ့ရသလို အခုလို မိသားစုပြန်ဆုံရချိန်မှာလည်း အကူညီပေးခဲ့သူအားလုံးကို ကျေးဇူးတင်ကြောင်း ဦးတင်မျိုးနိုင်က ပြောပါတယ်။

"အောက်ခြေမှာ အဲ့လိုလူမျိုးတွေရှိနေလို့ ကျနော်တို့ သားသမီးတွေလည်း ဒီလို ဒုက္ခရောက်၊ ကျနော်တို့လည်း သောကများ၊ ငွေကုန်ကြေးကျများဖြစ်ရတယ်။ ဒီကလေးအတွက် လိုက်ရတဲ့ငွေဟာ အိမ်နဲ့ခြံတွေကို ပေါင်ပြီးရောင်းပြီးလိုက်ခဲ့ရတာ။ ဒီသတင်းကိုမကြားခင် လိုက်လိုက်ရတဲ့ အလိုက်တွေက သိန်းပေါင်းများစွာကျနော်တို့ လိုက်ခဲ့ရတယ်။ စာရတဲ့နေ့ကျမှပဲ ဒီဖက်က ကျနော်တို့က ဗိဝါဒကွဲသွားတာ။"

"ဒီဗိုလ်ကြီးတွေကလည်း ကျနော်တို့ဘက်ကို တော်တော်လေးကောင်းပါတယ်။ သူတို့က ကလေးတွေကိုလည်း ပြန်ပို့ပေးတယ်။ ကျနော်တို့အပေါ် ဆက်ဆံတဲ့အပေါ်မှာလည်း ယဉ်ကျေးပါတယ်။ ဗိုလ်ကြီးတွေကိုလည်း အားကိုးမိတာပေါ့လေ။ ကောင်းကောင်းမွန်မွန် ပြန်ပို့ပေးတဲ့အတွက်ကြောင့်ပေါ့။ လမ်းပြကြယ် အဘဦးအေးမြင့်နဲ့အတူ အိုင်အယ်လ်အိုရုံးရယ် ၁၁၈ က ဗိုလ်ကြီးတွေရယ်ကို ကျနော်တို့အများကြီးလည်း ကျေးဇူးတင်ပါတယ်။ နယ်မြေခံ ဦးမြင့်သိန်းကောင်းမှုကြောင့် ကျနော့်သားလေး ပြန်ပြီးတွေ့ခဲ့တာပေါ့။"

# မိန်းကလေးငယ်ကို သတ်သည့်တရားခံ မသေခင် အဓမ္မပြုကျင့်ခဲ့ဟု ထွက်ဆို

**DVB၊ ဇွန် ၂၂။** ။ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်က အသက် ၁၀ နှစ်အရွယ်မိန်းကလေးတဦး အသတ်ခံခဲ့ရပြီး မသေခင် အဓမ္မပြုကျင့်ခံခဲ့ရဖွယ်ရှိတယ်ဆိုတာ နောက်ဆုံးစုံစမ်းချက်အရ သက်ဆိုင်ရာ ရဲစခန်းက တရားခံကို မိထားပြီးလို့ သိရပါတယ်။

အသက် ၁၀ နှစ်အရွယ် မိန်းကလေးကို သတ်တဲ့ တရားခံကို ဒီလ ၁၈ ရက်နေ့ညက မိတ္ထီလာမြို့မှာ ဖမ်းမိခဲ့တယ်လို့ ရဲစခန်းနဲ့နီးစပ်သူတွေက ပြောပါတယ်။ သေဆုံးသွားတဲ့ကလေးငယ်ကို မသေခင် အဓမ္မပြုကျင့်ခဲ့တယ်လို့ တရားခံကိုယ်တိုင် ရဲစခန်းမှာထွက်ဆိုချက်ပေးခဲ့ကြောင်း ရဲစခန်းနဲ့ နီးစပ်သူတဦးက ပြောပါတယ်။

"သူတို့ တရပ်ကွက်တည်းပဲ။ မိတ္ထီလာမှာနေတယ်။ အသက်က ၃၂ နှစ်လောက်ရှိတယ်။ ကလေးလေးက ကျူရှင်တက်ပြီး ပြန်လာတဲ့အချိန်မှာ ဝင်နေထွက်နေကျ အိမ်ကို ကလေးကဝင်တယ်။ အိမ်ရှင်မတွေမရှိတော့ မောင်ကို အိမ်မှာစောင့်ခိုင်းထားတယ်။ အိမ်မှာ ကလေးလေး တယောက်တည်းဆိုပြီးတော့ ကလေး အိမ်သာတက်တဲ့ဟာကို မုဒိမ်းကျင့်တယ်၊ ပါးစပ်ပိတ်ပြီး မုဒိမ်းကျင့်တော့ လက်လွန်သွားပြီး ကလေးလေးက အသက်ရှူကျပ်ပြီး သေသွားတယ်ပေါ့။ သေသွားတဲ့အချိန် ဒီကောင်က ပိပိရိရိနဲ့ကလေးကို မနက်အစောကြီး ဝေလီဝေလင်းကို ဣန္ဒြေမပျက် ဂုံနီအိတ်နဲ့ထုပ်ပြီးတော့ လမ်းထိပ် ကင်းတဲဘေးမှာ သွားချထားတယ်။ သူလုပ်တာကို ပေါ်မှာစိုးလို့ အိမ်ကနေ ဘယ်မှမသွားဘူး။ ကလေးလေး သင်္ဂြိုဟ်တဲ့နေ့အထိ။ ၁၇ ရက်နေ့မှာ သွားလိုက်တဲ့အချိန်မှာ ပြည်သူ့ရဲတွေက နောက်ယောင်ခံပြီးတော့ မိတ္ထီလာထိ လိုက်ဖမ်းတယ်ဆိုတဲ့ သတင်းရတယ်လေ။ မိပြီးတော့ ဆက်လက်စစ်ဆေးနေတယ်။ သူက အခု မုဒိမ်းကျင့်တယ်၊ ကလေးလေးကို သတ်တယ်ဆိုတာ ဝန်ခံလိုက်ပြီ။"

အသတ်ခံခဲ့ရတဲ့ ကလေးငယ်ဟာ အထက ၂၄ ပဥ္စမတန်းမှာ ပညာသင်ကြားနေတာဖြစ်ပြီး ဒီလ ၁၂ ရက်နေ့က ကျူရှင်ကအပြန်မှာ ပျောက်ဆုံးသွားတာဖြစ်ပါတယ်။ ၁၃ ရက်နေ့ မနက်အစောပိုင်းမှာ ဂုံနီအိတ်နဲ့ထုပ်ထားတဲ့ ကလေးရဲ့အလောင်းကို သူနေထိုင်တဲ့ရပ်ကွက်နဲ့ကပ်လျက် သံလျက်မော်အရှေ့ပတ္တာရပ် ၄၁ဖ ရပ်ကွက်မှာ ပြန်တွေ့ခဲ့တာဖြစ်ပါတယ်။ ကလေးသေဆုံးမှုကို မိသားစုတွေအပါအဝင် မြို့ခံတွေက စိတ်မကောင်းဖြစ်ကြသလို မကျေနပ်လည်း ဖြစ်နေကြပါတယ်။

ဒါကြောင့် တရားခံရဲ့ လုံခြုံရေးကို စိတ်မချလို့ဆိုပြီး မဟာအောင်မြေမြို့ အမှတ် ၇ ရဲစခန်းကနေ အမှတ် ၉ ရဲစခန်းကို ပြောင်းရွှေ့ထားတယ်လို့လည်း ဒေသခံတွေက ပြောပါတယ်၊ ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ အမှတ် ၇ ရဲစခန်းကို ဆက်သွယ်မေးမြန်းတော့ တရားခံကို စစ်ဆေးနေဆဲလို့သာ ဖြေဆိုခဲ့ပြီး အမှတ် ၉ ရဲစခန်းကတော့ ဘာမှဖြေဆို ခြင်းမရှိကြောင်း သိရှိရပါတယ်။

# ဦးတင်ဦးနဲ့ ဦးဝင်းတင်တို့ကို သက်သေအဖြစ်လက်မခံဘို့ စစ်အစိုးရရှေ့နေတင်ပြ

**VOA ၊ ဂျွန် ၂၄ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုထားတဲ့အမှုမှာ ဒေါ်အောင်ဆန်းစုကြည်ဘက်ကခုခံပြီး သက်သေထွက်ဆိုဘို့ တင်ပြထားတဲ့ NLD ဒုဥက္ကဋ္ဌဦးတင်ဦးနဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်တို့ကို သက်သေအဖြစ်လက်မခံဘို့ရာ အစိုးရရှေ့နေတွေက ဒီနေ့တရားရုံးမှာ လျှောက်ထားကြပါတယ်။

ဦးတင်ဦးဟာ နေအိမ်အကျယ်ချုပ်ကျခံနေရသူဖြစ်ပြီး ဦးဝင်းတင်ကတော့ ပြည်ပသတင်းဌာနတွေနဲ့ ဆက်သွယ်နေသူဖြစ်တဲ့အတွက် လက်မခံသင့်ဘူးလို့ စစ်အစိုးရရှေ့နေဘက်က ထွက်ဆိုတာဖြစ်ပါတယ်။ ဒီနေ့မနက် ၁၀ နာရီ တရားရုံးချုပ်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုနဲ့ပတ်သက်လို့ စစ်အစိုးရဘက်ကရော ဒေါ်အောင်ဆန်းစုကြည်ဘက်ကပါ လျှောက်လဲချက်တွေပေးခဲ့ပါတယ်။

NLD ဘက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို ဥပဒေပြဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်ခွင့်ပေးဘို့ အဓိကတင်ပြခဲ့တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို လိုက်ပါဆောင်ရွက်နေတဲ့ တရားရုံးရှေ့နေလည်းဖြစ် NLD ပြန်ကြားရေးအဖွဲ့ဝင်လည်းဖြစ်တဲ့ ဦးဉာဏ်ဝင်းကပြောပါတယ်။ စစ်အစိုးရဘက်ကတင်ပြချက်ထဲမှာ ဦးတင်ဦးဟာ ၁၀(ခ) နဲ့ နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့အတွက် တရားရုံးရှေ့မှာ သက်သေမထွက်ဆိုသင့်ဘူးလို့ တင်ပြပါတယ်။

ဦးဉာဏဝင်းက ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်ကိုခေါ်ပြီး တရားစွဲခဲ့တဲ့အချိန်ကလည်း ၁၀(ခ)၊ နေအိမ်အကျယ်ချုပ်နဲ့ထိန်းသိမ်းခံနေရတဲ့အချိန်မှာ ခေါ်လာခဲ့တာဖြစ်တဲ့အတွက် ဦးတင်ဦးကိုလက်မခံသင့်ဘူးဆိုတာ မဖြစ်သင့်ဘူးလို့ ချေပပြောဆိုပါတယ်။ နောက် NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် သတင်းစာဆရာကြီး ဦးဝင်းတင်ကတော့ ပြည်ပအသံလွှင့်ဌာနတွေနဲ့ နေ့စဉ်ဆိုသလိုအင်တာဗျူးတွေပေးနေတဲ့ သူ့သဘောထားတွေထုတ်ပြောနေတဲ့သူဖြစ်တဲ့အတွက် ရုံးတော်ကိုမလာရောက်သင့်ဘူးလို့ စစ်အစိုးရဘက်ကတင်ပြတယ်။

ဦးဉာဏ်ဝင်းကတော့ စစ်အစိုးရနဲ့သဘောကွဲလွဲသူတွေ သက်သေအဖြစ်ရုံးတော်မှာထွက်ဆိုခွင့်မရှိဘူးလို့ ဘယ်ဥပဒေမှာမှ ပြဌာန်းထားတာမရှိဘူးလို့ ပြန်လည်ချေပပါတယ်။ ဦးဝင်းတင် ပြည်ပအသံလွှင့်ဌာနတွေနဲ့ ဆက်သွယ်ပြောဆိုနေတာတွေဟာ ဦးဝင်းတင်ရဲ့လွတ်လပ်စွာထုတ်ဖော်ခွင့်ဖြစ်တယ်လို့ ပြောပါတယ်။ ဦးဝင်းတင်ကတော့ ဒီလို သက်သေထွက်ခွင့်မရှိဘူးလို့ ပြောဆိုနေတာတွေဟာ သူ့အပေါ်ခြိမ်းခြောက်နေတာလို့မြင်တဲ့အကြောင်း ပြောပါတယ်။

"အစိုးရဘက်က ဘာသဘောထားရှိနေသလဲဆိုရင် ကျနော့်ကို တရားစီရင်ရေးကိုနှောင့်ယှက်တယ်တို့၊ တရားစီရင်ရေးကို ပျက်ပြားစေတယ်ဆိုတာမျိုးတွေနဲ့ အရေးယူဘို့ခြိမ်းခြောက်တဲ့ သဘောထားရှိတယ်ဆိုတာကိုပြနေတယ်။ ကျနော်ကတော့သုံးသပ်မိတယ်။ ငါ့ကိုတော့ ခြိမ်းခြောက်လာပြန်ပြီ။ အင်္ကျီကိစ္စလည်းခင်ဗျားတို့ကြားမှာပေ့ါ။ ထောင်ကအင်္ကျီဝတ်လာလို့ဆိုပြီး ဖမ်းမယ်ဆီးမယ်လုပ်နေတာလည်းရှိတယ်ဗျ။ သူတို့လုပ်ချင်တာလုပ်ပါ။ ကျနော်ရဲ့ကောက်ချက်ကတော့ ကျနော့်ကို တရားဥပဒေကြောင်းအရ အရေးယူဘို့စိတ်ကူးတော့ရှိနေပြန်ပြီဆိုတဲ့ သဘောထားဟာ ဒီအမှုရဲ့လျှောက်လဲချက်မှာ အစိုးရဘက်ကလျှောက်လဲချက်ကို ထောက်ရင်ပေါ်လွင်နေတယ်ဆိုတာ တွေ့ရတယ်။"

ဒေါ်အောင်ဆန်းစုကြည်ဘက်က အကျိုးဆောင်ရှေ့နေတွေက အခုဗဟိုတရားရုံးမှာတင်သွင်းတဲ့အဆင့်က နောက်ဆုံးအဆင့်ဖြစ်ပြီး မကြာခင် ရက်ပိုင်းအတွင်း ဆုံးဖြတ်ချက်ချမယ်လို့ မျှော်လင့်ထားကြပါတယ်။ ဒါပေမယ့်လည်း ကြားနာဘို့ကိစ္စကိုတောင် တရားရုံးကရက်ချိန်းအမျိုးမျိုးပေးပြီး အချိန်ဆွဲနေတာလို့သုံးသပ်တာတွေလည်းရှိပါတယ်။ ဦးဝင်းတင်ကတော့ အမှုနဲ့ပတ်သက်လို့ အခုလို မြင်ပါတယ်။

"ကျနော်တို့ဘက်က တင်နေတာက လူတွေကိစ္စအတွက် တင်သွင်းနေတာမဟုတ်ဘူး။ တရားဥပဒေကချိုးဖောက်ခံနေပါတယ်။ တရားခံပြသက်သေကို တရားရုံးကပယ်ခွင့်ရှိပါတယ်။ မှန်ပါတယ်။ ပယ်ရင်စာနဲ့ပေနဲ့ရေးပြီး ပယ်ရမယ်ဆိုတဲ့ပုဒ်မ ၂၅၇(၁)အရ ဒါကိုလုပ်ဘို့ အောက်ရုံးကပျက်ကွက်ပါတယ်။ အခု အထက်ရုံးကတင်တဲ့အခါကျတော့လည်း ဒါကိုဘဲထောက်ပြပါတယ်။ အဲဒါကို သူတို့ကအဲဒီအချက်ကို ကျနော်တို့ကလျှောက်လဲတဲ့အခါ ဘာမှအကြောင်းပြန်ခြင်း၊ ဖြေရှင်းခြင်းတစုံတရာမပြုဘဲနဲ့ ကျနော့်ကို VOA တို့ BBC တို့မှာ အင်တာဗျူးတွေလုပ်လို့ ကျနော့်ကိုတောင်ဆက်ပြီး ခြိမ်းခြောက်တာတွေပြနေတယ်ဆိုတာက တော်တော်လေးဂွကျတဲ့အနေအထားဘဲ။ ကျနော်တော့ တရားရုံးချုပ်ရဲ့ စီရင်ဆုံးဖြတ်ချက်ကလည်း မပြီးသေးတဲ့အတွက် ကျနော်တော့ ဒီအပေါ်မှာ ဘာမှပြောချင်တာမရှိပါဘူးဗျာ။"

အခု ဒေါ်အောင်ဆန်းစုကြည်ဘက်က ခုခံထွက်ဆိုမယ့် သက်သေတွေတင်ပြတဲ့ကိစ္စကို တပတ်လောက်အတွင်းမှာ တရားရုံးက ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်တယ်လို့ NLD ဘက်က မျှော်လင့်ထားပါတယ်။

---

# နအဖအပေါ် ဖိအားပေးမှု ရုရှားအစိုးရကန့်ကွက်

**RFA ၊ ဂျွန် ၂၃ ။ ။** မြန်မာစစ်အစိုးရကို နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ ဖိအားပေးနေတာတွေကို ရုရှားနိုင်ငံအစိုးရအနေနဲ့ကန့်ကွက်ကြောင်း၊ ဒါပေမယ့် မြန်မာစစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အမှုကို ဥပဒေနဲ့အညီ ဆောင်ရွက်လိမ့်မယ်လို့မျှော်လင့်ကြောင်း ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကထုတ်ပြန်တဲ့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ကြေညာချက်မှာဖော်ပြပါရှိပါတယ်။

မြန်မာနိုင်ငံကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဆွေးနွေးစရာအကြောင်း ဘာမှမရှိဘူးလို့ ရုရှားနိုင်ငံအနေနဲ့ရှုမြင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကြေညာချက်ကဆိုပါတယ်။ မြန်မာ့အရေးဟာ ပြည်တွင်းရေးသက်သက်ဖြစ်ပြီး ဒေသတွင်းလုံခြုံရေးနဲ့ငြိမ်းချမ်းရေးကို ထိခိုက်မှုမရှိပါဘူးလို့ ရုရှားနိုင်ငံအနေနဲ့သုံးသပ်ကြောင်းလည်း ကြေညာချက်မှာဖော်ပြထားပါတယ်။

သို့သော်ငြားလည်း မြန်မာစစ်အစိုးရဟာ အခုထက်ပိုပြီး နိုင်ငံတကာနဲ့ပွင့်ပွင့်လင်းလင်း ပူးပေါင်းဆောင်ရွက်လာဘို့ ရုရှားနိုင်ငံအနေနဲ့တောင်းဆိုထားသလို ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီနဲ့လည်း ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်သွားဘို့တောင်းဆိုထားပါတယ်။ မြန်မာ့အရေးကိုကိုင်တွယ်ရာမှာ စေ့စပ်ညှိနှိုင်းတဲ့နည်းနဲ့လုပ်နိုင်မှသာ မြန်မာနိုင်ငံနဲ့နိုင်ငံတကာအသိုင်းအဝိုင်းကြား အပြန်အလှန်နားလည်မှုရမှာဖြစ်ပြီး ပြဿနာကိုဖြေရှင်းရာရောက်လိမ့်မယ်လို့ ရုရှားနိုင်ငံက ယုံကြည်ကြောင်း ကြေညာချက်မှာဖော်ပြပါတယ်။

အခုလို ရုရှားအစိုးရရဲ့ ထုတ်ပြန်ကြေညာချက်နဲ့ပတ်သက်ပြီး ထိုင်း–မြန်မာနယ်စပ်အခြေစိုက် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်ကအခုလိုတုန့်ပြန်ပါတယ်။

"၁ အချက် ကျနော်ပြောချင်တာကတော့ ဒီရုရှားက တကယ်တမ်းကျ မြန်မာပြည်နဲ့တော်တော်ဝေးတယ်၊ နောက်တခုက ကျနော်တို့ဒေသတွင်းမှာ ဘာဖြစ်နေသလဲဆိုတာကို သူက သေသေချာချာစူးစူးစိုက်စိုက် မကြည့်ဘူးလို့ထင်တယ်။ တကယ်လို့ ရုရှားနိုင်ငံက သူတို့ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းထဲမှာ ရှိတဲ့အနေအထားအတိုင်း သူပြောဆိုနေတာဖြစ်တယ်။

ဒီ ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံရေးဇာတ်ခုံကိုကြည့်ပေ့ါဗျာ၊ ဥပမာ အမေရိကန်နဲ့အနောက်အုပ်စု လုပ်မယ်ဆိုလို့ရှိရင် ရုရှားကဆန့်ကျင်မယ်၊ တရုတ်ကဆန့်ကျင်မယ်။ အဲဒီ Position ၊ အဲဒီရပ်တည်ချက်အပေါ်မှာ အခြေခံပြီးတော့ ဗမာပြည်ပြဿနာနဲ့ပတ်သက်လို့ သဘောထားထုတ်ပြန်တယ်လို့ ကျနော်တို့ကအဲဒီလိုဘဲယူဆတယ်။"

ရုရှားနဲ့မြန်မာနိုင်ငံကြား သံတမန်ဆက်သွယ်မှုကို မြန်မာနိုင်ငံလွတ်လပ်ရေးရအပြီး တလအကြာ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလက စတင်ခဲ့တာဖြစ်လို့ အခုဆိုရင် ၆၁ နှစ်ကျော်ရှိပြီဖြစ်ပါတယ်။

# နအဖ ဗိုလ်ချုပ်ကြီးတွေ ၂၀၁၀ ရွေးကောက်ပွဲအတွက် နိုင်ငံအနှံ့ စည်းရုံးရေးဆင်း

**NEJ၊ ဂျွန် ၂၃။** ။ လူထုအကြားစည်းရုံးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ပါတီဝင်များ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းတရပ်ကို ယမန်နေ့က စတင်ပို့ချပေးနေသကဲ့သို့ အစိုးရအာဏာပိုင်များဘက်မှလည်း စည်းရုံးရေးဆင်းလျှက်ရှိပါတယ်။

သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ပါတီပြောခွင့်ရဦးအုံးကြိုင်က "ဒီလိုသင်တန်းမျိုးကို အရင်ကတည်းကလုပ်ဘို့စိတ်ကူးရှိပါတယ်။ ဒါပေမယ့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှာ အခုမှ အင်အားကောင်းလာလို့ လုပ်ဖြစ်သွားတယ်။ တိုင်းနှင့်ပြည်နယ်စုံညီအစည်းအဝေးတုန်းက တိုင်းနဲ့ပြည်နယ်စည်းရုံးရေးကော်မတီတွေကလည်း ပါတီရဲ့စည်းရုံးရေးလုပ်ငန်းတွေ အရှိန်မြှင့်ဘို့တောင်းဆိုသွားတာကြောင့်လည်း ပါပါတယ်။" လို့ရှင်းပြပါတယ်။

အခုသင်တန်းဟာ ပါတီသက်တမ်းတလျှောက်မှာ ပထမဆုံးအကြိမ်ဖွင့်လှစ်ခဲ့တဲ့သင်တန်းဖြစ်ပြီး နောက်လတွေမှာလည်း ဆက်လက်ဖွင့်လှစ်သွားဘို့ အစီအစဉ်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါသင်တန်းကို ၂၂–၆–၂၀၀၉ မှ ၂၆–၆–၂၀၀၉ ရက်နေ့အထိ ပြုလုပ်သွားမှာဖြစ်ပြီး အဓိကအားဖြင့် NLD သမိုင်း၊ ဒီမိုကရေစီနှင့်အယူအဆကွဲပြားခြားနားမှုများ၊ NLD အမျိုးသမီးအဖွဲ့လှုပ်ရှားမှုသမိုင်း၊ ခေတ်သစ်သိပ္ပံနည်းပညာများ လူ့အဖွဲ့အစည်းအပေါ် ဂယက်ရိုက်မှု၊ တိုင်းပြည်စီးပွားရေးတည်ဆောက်မှုပုံသဏ္ဍာန်များ စတဲ့ဘာသာရပ်တွေကို သင်ကြားပို့ချသွားမှာဖြစ်ပါတယ်။

သင်တန်းပို့ချပေးမယ့်သူတွေကတော့ ဦးခင်မောင်ဆွေ၊ ဦးအုံးကြိုင်၊ ဒေါက်တာဝင်းနိုင်၊ ဒေါက်တာသန်းငြိမ်း၊ ဦးဟံသာမြင့်၊ ဦးမျိုးမြင့် နဲ့ ဒေါက်တာမေဝင်းငြိမ်းတို့ဖြစ်ကြပါတယ်။ "ဆွေးနွေးပွဲပုံသဏ္ဍာန်ဆန်တဲ့ သင်တန်းလေးပါ။ တိုင်းနဲ့ပြည်နယ်အဖွဲ့ဝင်တွေက သူတို့အတွေ့အကြုံတွေကိုလည်း ပြန်လည်ပြောပြဆွေးနွေးကြတာပေါ့လေ။ ဆရာဦးဝင်းတင်တို့လို လူကြီးတွေလည်း ဝင်ရောက်ဆွေးနွေးတာလေးတွေရှိပါမယ်။" လို့ သင်တန်းမှူးဦးအုံးကြိုင်ကပြောပါတယ်။

စွမ်းဆောင်ရည်မြှင့်သင်တန်းသို့ တိုင်းနှင့်ပြည်နယ် ၁၂ ခုမှ လွှတ်တော်ကိုယ်စားလှယ်များ၊ စည်းရုံးရေးကော်မတီဝင်များ၊ လူငယ်အဖွဲ့ဝင်များပါသည့် ပါတီဝင် ၃၄ ဦးတက်ရောက်လျှက်ရှိပါတယ်။ NLD အနေဖြင့် လူထုအကြားစည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် သင်တန်းပေးနေဆဲအချိန်မှာ အာဏာပိုင်ဘက်ကလည်း ၂၀၁၀ ရွေးကောက်ပွဲအတွက် လူထုအကြားစည်းရုံးရေးများပြုလုပ်ပြီဖြစ်ကြောင်း စုံစမ်းသိရှိရပါတယ်။

"နိုင်ငံရေးစကားပိုင်းဆိုပြီး လာလုပ်သွားတယ်ဗျ။ ကြံ့ဖွံ့စည်းရုံးရေးမှူးတွေက ဦးဆောင်လုပ်သွားတာပါ။ အခုဆိုရင် အရင်အခြေအနေနဲ့မတူတဲ့အကြောင်း၊ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်တဲ့အကြောင်း၊ ဒီမိုကရေစီစနစ်ဆီကိုလည်း သွားနေပြီဆိုတဲ့အကြောင်းတွေပြောပြီး အခု ရပ်ကွက်နေလူထုအနေနဲ့ ဘာတွေလိုအပ်နေသလဲ။ လိုအပ်တာတွေကိုမြို့တော်ဝန်ကိုတင်ပြပေးမယ်။ မြို့တော်ဝန်ကလည်း မြို့လူထုအတွက် တောက်လျှောက်လုပ်ပေးနေပါတယ်။ အဲဒါမျိုးတွေပြောတယ်ဗျာ။ မြို့တော်ဝန်ကိုမဲပေးဘို့ဆိုတဲ့ သဘောမျိုးလာပြောကြတယ်။" လို့ ရွှေပြည်သာမြို့နယ်နေသူတဦးကပြောပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကလည်း ရွှေပြည်သာမြို့နယ် တ/၁၂ ရပ်ကွက်နဲ့ တ/၁၃ ရပ်ကွက်တွေမှာလည်း နိုင်ငံရေးစကားပိုင်းဆိုပြီး ကြံ့ဖွံ့စည်းရုံးရေးမှူးများက ရပ်ကွက် ရယက ရုံးမှာ ရပ်မိရပ်ဘတွေကိုဆင့်ခေါ်ကာ စည်းရုံးရေးဆင်းသွားကြကြောင်း သိရပါတယ်။ "နောက်ပြီး ရပ်ကွက်ထဲက ကြံ့ဖွံ့ထဲမဝင်ရသေးတဲ့လူရှိရင် ဝင်ဘို့ပြောသွားတယ်။ အခုသူတို့လာတာက အကြိုသဘောမျိုးပေါ့။ နောက်အခေါက်တွေလည်း ပြန်လာဦးမယ်။ နိုင်ငံရေးဘောဂကျောင်းသားဆိုလား၊ ဘာလား အဲဒီအုပ်စုလည်း လာဦးမယ်တဲ့။ ရပ်ကွက်အတွက် လိုအပ်တာရှိရင် တောင်းပါလို့ ပြောသွားတယ်။" လို့ အထက်ပါရွှေပြည်သာမြို့ခံက ဆက်လက်ပြောပြပါတယ်။

ယခုကဲ့သို့ နိုင်ငံရေးစကားပိုင်းဆိုတဲ့ ကြံ့ဖွံ့အသင်းရဲ့စည်းရုံးပွဲတွေကို တခြားမြို့တွေမှာလည်း ပြုလုပ်နေပြီဖြစ်ကြောင်း သိရှိရပါတယ်။ ပြည်တွင်းသတင်းအယ်ဒီတာတဦးက "အဲဒါမျိုးတွေ တခြားမြို့နယ်တွေမှာလည်းလုပ်နေပြီလေ။ နိုင်ငံရေးစကားပိုင်းဆိုပြီး မယက၊ ရယက ရုံးတွေမှာပေါ်တင်လုပ်တာဘဲ။ တခြားပါတီတွေအတွက်ကိုတော့ ပါတီဖွဲ့စည်းခွင့်ဥပဒေတောင်ထုတ်မပေးသေးပေမယ့် သူတို့ကတော့ စည်းရုံးရေးဆင်းနေကြပြီ။" လို့ပြောဆိုသွားပါတယ်။

---

## ဒုဗိုလ်ချုပ်ကြီးနဲ့ ဗိုလ်ချုပ်အဆင့် ရာထူးများတိုး

**DVB၊ ဂျွန် ၂၅။** ။ နအဖ တပ်အတွင်း ဗိုလ်ချုပ် ၆ ဦးနဲ့ဗိုလ်မှူးချုပ် ၅ ဦးကို ဒုတိယ ဗိုလ်ချုပ်ကြီးနဲ့ ဗိုလ်ချုပ်တွေအဖြစ် တဆင့်မြင့်ရာထူးများ တိုးလိုက်ကြောင်း စစ်ဘက်သတင်းများအရ သိရပါတယ်။

ဇွန်လ ၂၃ ရက်နေ့ရက်စွဲနဲ့ ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေးအထူးအဖွဲ့ ကစထ မှူးတွေဖြစ်တဲ့ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်ရှိန်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်းနဲ့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းစတဲ့ ဗိုလ်ချုပ် ၆ ဦးကို ဒုဗိုလ်ချုပ်ကြီးတွေအဖြစ် တဆင့်မြင့်ရာထူးတိုးလိုက်တာဖြစ်ပါတယ်။ အလားတူ ဗိုလ်မှူးချုပ်အဆင့်နဲ့ တိုင်းမှူးရာထူးရယူထားတဲ့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း၊ ရွှေတြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဖြိုး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့ကိုလည်း ဗိုလ်ချုပ်အဖြစ် ရာထူးတိုးမြှင့်လိုက်ပါတယ်။

ဒီလဆန်းပိုင်းကစပြီး နအဖစစ်တပ်နဲ့ ရဲတပ်ဖွဲ့အတွင်း ရာထူးအပြောင်းအရွှေ့အများအပြား ပြုလုပ်နေတယ်လို့လည်း သိရသည်၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နဲ့တိုင်းအဆင့် အထွေထွေအုပ်ချုပ်ရေးမှူးတွေကိုလည်း အပြောင်းအရွှေ့တွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။ အုပ်ချုပ်ရေးယန္တယား၊ နိုင်ငံတကာ သံအမတ်ကြီးတွေနဲ့ စီးပွားရေးလုပ်ငန်းအများစုမှာလည်း စစ်တပ်အရာရှိတွေနဲ့ အစားထိုးခန့်အပ်နေသလို ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်းဝင် အမာခံ ကေဒါ ခေါင်းဆောင်ပိုင်းတွေကိုလည်း စစ်တပ်အမှုထမ်းတွေနဲ့ အစားထိုးနေတယ်လို့လည်း စစ်ဘက်ဆိုင်ရာ သတင်းတွေအရ သိရပါတယ်။

---

## ဗိုလ်သန်းရွှေရဲ့ သမက်ကို စစ်ဝန်ချုပ်ခန့်

**DVB၊ ဂျွန် ၂၁။** ။ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းရွှေရဲ့သမက် ဗိုလ်မှူးဇော်ဖြိုးဝင်းအား ယူနန်ပြည်နယ် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရပါတယ်။

ဒီလဆန်းကစပြီး ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဗိုလ်မှူးမျိုးတင့် နေရာမှာ ဗိုလ်မှူးဇော်ဖြိုးဝင်းကို အစားထိုး ခန့်အပ်တာဖြစ်ပါတယ်။ ဗိုလ်မှူးဇော်ဖြိုးဝင်းဟာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပို့ကုန်ဌာန ဒုညွှန်ကြားရေးမှူးဖြစ်ခဲ့ပြီး ၂၀၀၆ ဇူလိုင် နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့သမီး သန္တာရွှေ (ခေါ်) မပေါက်နဲ့ လက်ထပ်ခဲ့ပါတယ်။

ဒီလ ၁၅ ရက်နေ့က တရုတ် ပြည်သူ့သမ္မတနိုင်ငံကို ချစ်ကြည်ရေးခရီးသွားရောက်ခဲ့တဲ့ နအဖ ဒုဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မောင်အေးခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် သံအမတ်ကြီး ဗိုလ်မှူးချုပ်သိန်းလွင်၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနဲ့အတူ ကောင်စစ်ဝန်ချုပ် ဗိုလ်မှူးဇော်ဖြိုးဝင်းတို့က ကြိုဆိုခဲ့ကြပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အလုပ်လုပ်နေတဲ့ ဗိုလ်ချုပ်သန်းရွှေရဲ့သမီးသန္တာရွှေနဲ့ ဗိုလ်မှူးဇော်ဖြိုးဝင်းတို့ မင်္ဂလာဆောင်ခံပွဲ ဗွီဒီယိုခွေကို စိန်စီသောသည အခွေအဖြစ် လူအများက စိတ်ဝင်တစားကြည့်ရှုခဲ့ကြပါတယ်။

# စိုက်ပျိုးစရိတ်ချေးငွေ အဖြတ်ခံရသလို ဓာတ်မြေဩဇာ အဝယ်ရောင်းချမှုခံနေရ

**DVB၊ ဇွန် ၂၂။** ။ တောင်သူလယ်သမားတွေကို စိုက်ပျိုးစရိတ်ချေးငွေတွေထုတ်ပေးနေပေမယ့် အဲဒီချေးငွေအပေါ်ကနေ အကြောင်းအမျိုးမျိုးပြ ငွေကြေးဖြတ်တောက်နေသလို ဓာတ်မြေဩဇာကို အဝယ်ရောင်းချမှုတွေ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းထဲက မြို့နယ်အချို့မှာ ရှိနေတယ်လို့ သိရပါတယ်။

လယ်သမားတွေအကြား လူသိများတဲ့ စိုက်ဘဏ်လို့ ခေါ်တဲ့ လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်တွေက လယ်တစ်ဧက ၁ သောင်းကျပ်နှုန်းနဲ့ စိုက်ပျိုးစရိတ်ထုတ်ချေးနေတာပါ၊ ဒါပေမယ့် လယ် ၁၀ ဧကထက် ပိုစိုက်သူလည်း ၁ သိန်းထက်ပိုမချေးပေးဘူးလို့ လယ်သမားတွေက ပြောပါတယ်။ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်စိုက်ပျိုးရေးဘဏ်ကနေ ငွေထုတ်တဲ့အခါမှာ ဝန်ထမ်းတွေက အကြောင်းအမျိုးမျိုးပြ ငွေကြေးဖြတ်တောက်မှုတွေ ရှိနေတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟို တောင်သူလယ်သမား လုပ်ငန်းကော်မတီဝင် ဦးမောင်မောင်ကြီးက ပြောပါတယ်။

"ထန်းတပင်မြို့နယ်ထဲက ကျေးရွာအုပ်စုဆိုရင် တဧကကို ၂၅၀ နှုန်းဖြတ်တယ်။ ဧက ၁၂၀၀ လောက်ရှိတယ်။ ဖြူးချောင်း ကျေးရွာအုပ်စုက ဧက ၁၆၀၀ လောက်ရှိတယ်။ တဧကကို ၂၀၀ နှုန်းဖြတ်တယ်။ တက်သစ်အုပ်စုဆိုရင် တဧကို ၂၀၀ နှုန်းဖြတ်တယ်။ ရိုးကြီးဆိုတဲ့ ကျေးရွာဆိုရင် တဧကကို ၃၀၀ နှုန်းဖြတ်တယ်။ တံတားဦးမြို့နယ်ဆိုရင် ၂၅၀ နှုန်းဖြတ်တယ်။ ကျေးရွာအုပ်စု ၃၃ စုရှိတာ ဖြတ်တာချင်းမတူဘူး။ ကျေးရွာအုပ်စု ၃၃ စုက ဧကတွေကို ပေါင်းလိုက်တာ သိန်း ၁၈၀ ကျော်လောက်ရှိတယ်ခင်ဗျ။ တမြို့နယ်လုံးဆိုရင် သိန်း ၃၀၀ ကျော်လောက် သူတို့ ဆုံးရှုံးနစ်နာပါတယ်။"

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်မှာလည်း ငွေကြေးဖြတ်တောက်မှုတွေ ရှိတယ်လို့ အဲဒီဒေသခံ လယ်သမားတွေက ပြောပါတယ်၊ စိုက်ပျိုးရေးဘဏ်တွေက လယ် ၁၀ ဧကစာထက် ဘာကြောင့် ထုတ်မချေးရတာလဲဆိုတာကို ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်က စိုက်ပျိုးရေးဘဏ်နဲ့ နီးစပ်သူတဦးက ပြောပါတယ်။

"မြို့နယ်စိုက်ဘဏ်က တိုင်းစိုက်ဘဏ်၊ တိုင်းစိုက်ဘဏ်ကနေ နိုင်ငံတော်ဗဟိုဘဏ်က ချေးရတယ်။ ချေးတဲ့အခါ တိုင်းထဲမှာရှိတဲ့ မြေဧကနဲ့တွက်ပြီးတော့ ၁ သောင်းနှုန်း ချေးမယ်ဆိုရင် အဲဒီအတိုင်း တွက်ပြီး အဲဒီပမာဏ ချေးလိုက်တာပဲ။ ချေးလိုက်တော့ တိုင်းကနေ မြို့နယ်တွေကို ပြန်ချပေးတယ်။ ဧက ၂ သောင်းအတွက်ကို တဧ ၁ သောင်းနှုန်းနဲ့ချပေးလိုက်တာပါ။ ဝန်ထမ်းတွေက ၁၀ ဧကထက်ပိုတဲ့ ၁၅ ဧကဆိုရင် ငါးသောင်းပိုသွားပြီ၊ အဲ့လို လယ်သမားမျိုး ၁၀ ယောက်ဆိုရင် သူ ၅ သိန်းရသွားပြီ။ တရာသီမှာ သိန်းရာဂဏန်းနီးပါးကျန်တယ်။ ကျန်တဲ့ငွေက အစိုးရချေးငွေဆိုတော့ အတိုးနည်းတယ်။ တခြားမှာ အတိုးကြီးတခုနဲ့ ပြန်ပြီးတော့ ငွေလှည့်ကစားတာပါ။"

လတ်တလောမှာ စိုက်ဘဏ်နဲ့ ကျေးရွာယရကတွေပေါင်းပြီး စိုက်ပျိုးစရိတ်ချေးငွေထုတ်မယ့် လယ်သမားတွေကို အပြင်ပေါက်ဈေးထက်များတဲ့ ဓာတ်မြေဩဇာတွေ မယူမနေရ ရောင်းချနေတယ်လို့လည်း သူကပြောပါတယ်။

"အပြင်ပုဂ္ဂလိကမှာက ၁ သောင်းနဲ့ ၉ ထောင်ပဲ ရှိတယ်။ ဒီနေ့ ညောင်လေးပင်မြို့နယ် လယ်သမားတွေစုံတဲ့အချိန် စိုက်ပျိုးစရိတ် မထုတ်ခင်လေးမှာ အဲဒီဒိုင် ၂ ခုက ဥက္ကဋ္ဌတွေက အစိုးရဆီက မြေဩဇာ ၂ သောင်း ၆ ရာနှုန်းနဲ့ လယ်သမားတွေယူရမယ်။ မယူလို့ရှိရင် စိုက်စရိတ် ထုတ်မချေးဘူးဆိုပြီး လုပ်တယ်။ လယ်သမားတွေက စိုက်စရိတ်မထုတ်ပေးလဲနေ မယူနိုင်ဘူး။ အပြင်ဈေးထက်သက်သက်မဲ့ ဈေးကြီးနဲ့ထုတ်ပေးတဲ့ သဘောမျိုးမို့လို့ မယူဘူးလို့ လယ်သမားတွေက ပြောတယ်။"

အရင်နှစ်တွေက ဓာတ်မြေဩဇာတွေ အပြင်မှာ ဈေးကောင်းနေစဉ်က လယ်သမားတွေကို အစိုးရထုတ်ဈေးနဲ့မရောင်းခဲ့ဘဲ အပြင်ပေါက်ဈေးက နိမ့်နေတဲ့အခါကျမှ မယူမနေရရောင်းချတာ မတရားဘူးလို့လည်း ပဲခူးတိုင်းထဲက လယ်သမားအချို့က ပြောပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်လို့ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးတဲ့ ဘဏ်တွေကို ဆက်သွယ်မေးမြန်းလို့မရပါဘူး။

## ပြကွဒိန်မှ

ပြီး ရွေးကောက်ပွဲသည် နောက်ခြေလှမ်းဖြစ်ကြောင်း စာရေးသူကျော်စွာမိုးမှသတင်းသုံးသပ်၏။

**ဇွန် ၂၆၊ DVB။** ။ ဒေါ်အောင်ဆန်းစုကြည်အမှုတွင် လိုက်ပါနေသော အစိုးရဘက်မှ ရှေ့နေများသည် သာမန်ဘက်မလိုက်ရှေ့နေများမဟုတ်ဘဲ နအဖ၏လက်ပါးစေများဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်အမှုတွက် သက်သေပြရန်တင်ပြခံရသော်လည်း ငြင်းပယ်ခံရသူတဦးမှဆို၏။

**ဇွန် ၂၆၊ DVB** ။ ။ အကျယ်ချုပ်ကျနေသူ (ဦးတင်ဦး) သည် သက်သေအဖြစ်ထွက်ဆိုခွင့်မရှိ၊ အစိုးရအားဆန့်ကျင်သူ (ဦးဝင်းတင်) သည် သက်သေပြခွင့်မရှိဟု ဥပဒေမှမဆိုကြောင်းရှေ့နေဦးဉာဏ်ဝင်းမှဆို၏။

**ဇွန် ၂၆၊ DVB။** ။ ထိုင်းတွင် နိုင်ငံသားမဟုတ်သော်လည်း မြန်မာမှဒုက္ခသည်များအပါအဝင် ထိုင်းပြည်တွင်းရှိသူများ ထိုင်းပညာသင်စနစ်သစ်အရ ပညာသင်ခွင့်တိုးလာမည်။

# နအဖကိုလက်နက်ရောင်းချမှုပိတ်ပင်ရန် တောင်းဆို

**RFA၊ ဇွန် ၂၃။** ။ မြန်မာစစ်အစိုးရကို နိုင်ငံတကာက လက်နက်ရောင်းချနေတာတွေ ရပ်ဆိုင်းသွားအောင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အမြန်ဆုံးဖြတ်ပေးဘို့ EPCB ခေါ် မြန်မာ့ဒီမိုကရေစီရေးဆိုင်ရာ ဥရောပသမဂ္ဂပါလီမန်လွှတ်တော်အမတ်များအဖွဲ့က ဇွန်လ ၂၀ ရက်နေ့မှာ တောင်းဆိုလိုက်ပါတယ်။

EPCB အနေနဲ့ အခုလိုတောင်းဆိုရတာဟာ မြန်မာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ပြန်လွှတ်ပေးရေးအတွက် အဓိကဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအပါအဝင် စစ်အစိုးရက မြန်မာ့နိုင်ငံရေးကို အများလိုလားတဲ့အတိုင်း လုပ်ဆောင်လာအောင် ဖိအားပေးလိုတာကြောင့်ဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီရေးဆိုင်ရာ ဥရောပသမဂ္ဂပါလီမန်လွှတ်တော်အမတ်များအဖွဲ့ရဲ့ စီမံခန့်ခွဲရေးတာဝန်ခံ မဇိုရာဖန်းက အခုလိုရှင်းပြပါတယ်။

"မြန်မာ့ရေးရာလှုပ်ရှားနေတဲ့ European က ပါလီမန်အမတ်တွေရဲ့အဖွဲ့ပေါ့နော်။ သူတို့အဓိကတောင်းဆိုတာကတော့ လုံခြုံရေးကောင်စီကနေတဆင့် သူတို့ကိုလက်နက်ရောင်းချရေး မြန်မာစစ်အစိုးရအပေါ်မှာ အမြန်ဆုံးပိတ်ဘို့အတွက် ဒီလိုမျိုးလက်နက်ရောင်းချရေး ပိတ်ပင်ရင် သူတို့အတွက်ထိခိုက်နစ်နာဆုံးရှုံးမှုတွေ ရှိမယ်။ ပြီးတော့ သူတို့အားနည်းလာမယ်။ အဲဒါကြောင့် စစ်အစိုးရအပေါ်မှာ နိုင်ငံရေးဖိအားပေးမှုအနေနဲ့ လုပ်တာဖြစ်ပါတယ်။ အဓိက ကတော့ အခု ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းထားတဲ့အကြောင်းအပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ပထမဆုံးလွှတ်ပေးဘို့ သူတို့လိုလားနေတာဖြစ်ပါတယ်။"

မြန်မာစစ်အစိုးရကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ဘို့ လုံခြုံရေးကောင်စီက တိုက်တွန်းခဲ့ပေမယ့် စစ်အစိုးရဟာ ပျက်ကွက်နေတဲ့ဖြစ်တယ်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ရေးသားပေးပို့တဲ့ EPCB ထဲမှာ ရေးသားထားပါတယ်။ ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့ ၁၄ ကြိမ်စလုံးဟာ အဖမ်းဆီးခံဘဝမှာသာ ကျရောက်ခဲ့ရကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းထားပြီး ရွေးကောက်ပွဲကျင်းပမယ်ဆိုတဲ့ စစ်အစိုးရရဲ့အကြံအစည်ဟာ အလွန်ဘဲရက်ဖွယ်ကောင်းကြောင်း။

မိမိတို့ EPCB အဖွဲ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည် ဆက်လက်အထိန်းသိမ်းခံနေရတာကို အလွန်ဘဲစိုးရိမ်မိကြောင်း၊ မြန်မာ့ဒီမိုကရေစီရေးဆိုင်ရာ ဥရောပသမဂ္ဂပါလီမန်လွှတ်တော်အမတ်များအဖွဲ့ရဲ့ စာမှာဖော်ပြထားပါတယ်။ မြန်မာ့ဒီမိုကရေစီရေးဆိုင်ရာ ဥရောပသမဂ္ဂပါလီမန်လွှတ်တော်အမတ်များအဖွဲ့မှာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆ နိုင်ငံပါဝင်ပြီး ၂၀၀၈ ခုနှစ်၊ ဇွန်လထဲမှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

# ထိုင်း အစိုးရက အလုပ်သမားလက်မှတ်သစ် နှစ်သန်း ထုတ်ပေးမည်

**DVB | ဇွန် ၂၃ ။ ။** ထိုင်းအစိုးရ အလုပ်သမားဝန်ကြီးဌာနက ပြည်ပကနေ ထိုင်းနိုင်ငံအတွင်းတရားမဝင် ဝင်ရောက်လုပ်ကိုင်သူတွေကို အလုပ်သမားလက်မှတ်သစ် လုပ်ခွင့်ထပ်ပေးတော့မယ်လို့ သိရပါတယ်။

ထိုင်းအစိုးရက တရားမဝင်အလုပ်သမားတွေကို လက်မှတ်အသစ် လုပ်ပေးမယ့် အစီအစဉ်ကို မကြာခင်ရက်ပိုင်းမှာ စတော့မှာဖြစ်ပါတယ်။ နယ်စပ်ကနေ ထိုင်းနိုင်ငံတွင်း ဝင်ရောက်အလုပ် လုပ်ကိုင်နေသူတွေကို လာမယ့် ဇူလိုင်လ ၁ ရက်နေ့ ကနေ ၃၀ ရက်နေ့အထိ အလုပ်သမားမှတ်ပုံတင်အတွက် စာရင်းကောက်မှာဖြစ်ပါတယ်။ မြန်မာ၊ လာအိုနဲ့ ကမ္ဘောဒီးယားစတဲ့ တရားမဝင်အလုပ်သမားစာရင်း ၂ သန်းအထိ လက်ခံကောက်ယူမှာ ဖြစ်တယ်လို့ မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားရေးကော်မတီရဲ့ တာဝန်ခံကိုမိုးကြိုးက ပြောပါတယ်။ လက်မှတ်လုပ်ဖို့ အဆင့်သုံးဆင့်ကို ဖြတ်သန်းပြီးရင် ၂ နှစ်သက်တမ်းရှိတဲ့ လက်မှတ်ထုတ်ပေးမှာလို့ သူက ပြောပြပါတယ်။

"အခုဟာက လုံးဝအသစ်ဆိုတော့ နေထိုင်ခွင့်ပေ့ါ။ ထိုင်းနိုင်ငံမှာ ဒေသကြီး ၇၆ ခု ရှိတယ်။ ဒေသအသီးသီးမှာ နေထိုင်တဲ့ နေထိုင်ခွင့်လက်မှတ်ကို စလုပ်ရမှာ။ ပြီးရင် သက်ဆိုင်ရာ ဆေးရုံတွေမှာ သွေးစစ်ပြီးတော့ သွေးစစ်ကတ်လုပ်ပြီး သက်ဆိုင်ရာ အလုပ်သမားရုံး၊ မြူနီစပယ်ရုံးတို့ ပေးရတဲ့အခကြေးငွေတွေ ပေးပြီးတော့ နောက်ဆုံး အလုပ်သမားလက်မှတ်လုပ်ရမယ်။ အဆင့်သုံးဆင့် လုပ်ရမယ်ဗျ။ အခုလုပ်ပေးမယ့် ၂ သန်းက ၂ နှစ် တကြိမ်လုပ်ရမှာ။"

အလုပ်သမားလက်မှတ်လုပ်ဖို့ အလုပ်ရှင်ရဲ့ထောက်ခံစာနဲ့ ထိုင်းဘတ်ငွေ ၄၅၀၀ လိုမှာဖြစ်တယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံချင်းမိုင်မြို့မှာ ဘာလက်မှတ်မှမရှိဘဲ ၅ နှစ် နေထိုင်နေသူ နော်ဒေစီက အလုပ်သမားလက်မှတ် သတင်းကြောင့် ဝမ်းသာပေမယ့် ငွေမတတ်နိုင်တာကြောင့် အလုပ်သမားလက်မှတ်ရဖို့သိပ်မလွယ်ဘူးလို့ပြောပါတယ်။ ထိုင်းအလုပ်သမားဝန်ကြီးဌာန သတ်မှတ်ချက်အရ အလုပ်သမားတယောက်ဟာ တရက်လုပ်အားခ ဘန်ကောက်မှာ ၂၀၃ ဘတ်ရရှိရမယ်လို့သတ်မှတ်ထားသလို ထိုင်း–မြန်မာနယ်စပ် မဲဆောက်အပိုင်နယ်မြေတာ့ခ်ခရိုင်မှာ တရက်လုပ်အားခ ၁၅၁ ဘတ် ရှိရမယ်လို့သတ်မှတ်ထားပါတယ်။

လက်ရှိ ထိုင်းနိုင်ငံမှာ တရားမဝင်ရွှေ့ပြောင်း အလုပ်သမား ၃ သန်း ခန့်ရှိပြီး အများစုက မြန်မာနိုင်ငံသားတွေဖြစ်ပြီး ထိုင်းလူမျိုးတွေမလုပ်ချင်တဲ့ ရေလုပ်ငန်း၊ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး စတဲ့လုပ်ငန်းတွေမှာ လုပ်ကိုင်နေကြတာပါ။ ထိုင်းအစိုးရ အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ချက်အရ တရားဝင်အလုပ်သမားကတ် ကိုင်ဆောင်သူ ၇ သိန်းသာရှိတယ်လို့သိရပါတယ်။ ဒါကြောင့် ကိုယ့်အလုပ်သမားအခွင့်အရေးနဲ့ ကြောက်ရွံ့ခြင်းကနေ ကင်းလွတ်ဖို့အတွက် ဘယ်လိုပဲဖြစ်ဖြစ် အလုပ်သမားလက်မှတ် လုပ်သင့်တယ်လို့ ကိုမိုးကြိုးက တိုက်တွန်းပြောဆိုပါတယ်။

"အလုပ်သမားလက်မှတ် မရှိလို့ ထိုင်းအာဏာပိုင်အဖွဲ့အစည်းတွေက စစ်ဆေး၊ ဖမ်းချုပ်၊ ထောင်ချတာခံရတဲ့အပြင် အယောင်ဆောင်ပြီး ဖမ်းဆီးချုပ်နှောင်တာတွေ၊ ရာဇဝတ်မှုဖြစ်လာတဲ့အခါ မလိုလားအပ်တဲ့ နောက်ဆက်တွဲပြဿနာတွေဖြစ်လာမှာစိုးလို့ ထိုင်းနိုင်ငံရှိ မြန်မာပြည်သားတွေ အနေနဲ့ အလုပ်သမားကတ်လုပ်ပေးမယ့် ၂ သန်းထဲမှာ စာရင်းဝင်အောင် မဖြစ်မနေလုပ်စေချင်တယ်။"

မှတ်ပုံတင်ထားတဲ့ အလုပ်သမားတယောက်ဟာ ၂၀၁၀ ဖေဖော်ဝါရီလကုန်အထိ ထိုင်းနိုင်ငံမှာ နေခွင့်ရမှာဖြစ်ပြီး နောက်ပိုင်းမှာ ဒီနိုင်ငံမှာ အလုပ်လုပ်ချင်တယ်ဆိုရင် အမျိုးသားမှတ်ပုံဌာနမှာ ဆက်ပြီး မှတ်ပုံတင်ရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာအစိုးရရဲ့ အမျိုးသားမှတ်တင်ကို အတည်ပြုပြီးတာနဲ့ သူတို့ရဲ့လက်မှတ်ကို ၂ နှစ်အထိ သက်တမ်းပေးမယ်လို့ ထိုင်းနိုင်ငံထုတ် ဘန်ကောက်ပို့စ်သတင်းစာမှာ ဒီနေ့ဖော်ပြထားပါတယ်။ အလုပ်သမားကတ် ကိုင်ဆောင်သူဟာ ကျန်းမာရေး၊ လူမှုရေးနဲ့ လုံခြုံရေးအတွက် အကာအကွယ်ရမှာဖြစ်ပေမယ့် ကိုယ်ဝန်ဆောင် မိခင်တွေအနေနဲ့ မမွေးခင် ၂ လအလိုမှာ သက်ဆိုင်ရာနိုင်ငံတွေဆီ ပြန်ပြီး မီးဖွားရမယ်လို့သတင်းစာမှာ ဖော်ပြထားပါတယ်။

# ဦးနိုင်းနိုင်းနဲ့ သုံးဦး စစ်ခွေးတိုက်ပိတ်ခံရ

**DVB | ဇွန် ၂၃ ။ ။** နှစ်ရှည်နိုင်ငံရေးအကျဉ်းသား ဦးနိုင်းနိုင်းအပါအဝင် ၃ ဦးကို စစ်ခွေးတိုက်မှာ ဆက်လက်ထိန်းသိမ်းထားတယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်းနိုင်း၊ အဖွဲ့ချုပ်ရှေ့နေ ဦးဟန်စိုးနဲ့တခြားတဦးကို သီးခြားစီ ဆက်လက်ထိန်းသိမ်းထားတယ်လို့ ပြောပါတယ်။ ဒါကို ဇွန်လ ၁၉ ရက် သောကြာနေ့က ထောင်ဝင်စာတွေ့ခွင့်ရစဉ် ဦးနိုင်းနိုင်းက ပြောပြတာလို့ ဇနီးဒေါ်တင်တင်လှက အခုလို ပြောပါတယ်။

"စစ်ခွေးတိုက်ကနေ ထောင်ဝင်စာ တွေ့ခွင့်ရတာ။ ထောင်ဝင်စာတွေ့ပြီးရင်လည်း စစ်ခွေးတိုက်ကိုပဲ ပြန်သွားရမယ်လို့ သူကပြောတယ်။ ဘာကြောင့်ဆိုတာတော့ သူတို့ လုံးဝမသိဘူး။ သူကိုယ်တိုင်လည်း မသိဘူး။ မေလ ၁၈ ရက်နေ့က ည ၁ နာရီခွဲ သူတို့တွေ ခေါ်ပြီးတော့ စစ်ခွေးတိုက်မှာ ထားတယ်ပေ့ါ။ ခုဆိုရင် ဦးဟန်စိုးရယ်၊ သူရယ်။ အားလုံး သူတို့ ၅ ယောက်တွဲထဲက ၂ ယောက်ကိုတော့ မူရင်းတိုက်ကို ပြန်ပို့လိုက်ပြီတဲ့။"

စစ်ခွေးတိုက်ဆီ ပို့ထားသူတွေက ဦးနိုင်းနိုင်း၊ ဦးဟန်စိုး၊ ဦးအောင်နိုင်၊ ကိုလွင်ကိုလတ်နဲ့ ဦးဇင်ဦးစန္ဒိမာတို့ဖြစ်ပြီး အဲဒီအထဲက ၂ ဦးကို မူလထောင်ဆီ ပြန်ပို့ထားပြီလို့ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ပွဲ လုပ်မယ်ဆိုတဲ့ သတင်းကြောင့်လို့ပြောပေမယ့် ဘာကြောင့်ဆိုတာ အတိအကျမသိရသလို အာဏာပိုင်တွေကလည်း မပြောဘူးလို့ ဒေါ်တင်တင်လှက ပြောပါတယ်။ နိုင်ငံရေးအကျဉ်းသား ၅ ဦးစလုံးကို မိသားစုက ထောင်ဝင်စာ တွေ့ခွင့်ရခဲ့ပြီး အစာအိမ်ရောဂါရှိနေတဲ့ ဦးနိုင်းနိုင်း နည်းနည်းပိန်သွားတယ်လို့ ဒေါ်တင်တင်လှက ပြောပါတယ်။

# နယ်ခြားစောင့်တပ်ဖွဲ့ရေး KIO ဆွေးနွေး

**DVB | ဇွန် ၂၀ ။ ။** အင်အားကြီး ငြိမ်းအဖွဲ့တဖွဲ့ဖြစ်တဲ့ KIO (ကချင် ပြည်လွတ်မြောက်ရေး တပ်မတော်) ကိုယ်စားလှယ်အဖွဲ့နဲ့ နအဖစစ်အစိုးရမြောက်ပိုင်းတိုင်း တိုင်းမှူးပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့ ၂ ဖွဲ့ ဒီနေ့မြစ်ကြီးနားမြို့မှာ ထပ်မံတွေ့ဆုံကြောင်း သိရပါတယ်။

ဒါဟာ နယ်ခြားစောင့်တပ်ဖွဲ့ရေးအတွက် ၂လ အတွင်း ၄ ကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်တယ်လို့ တရုတ်နယ်စပ်ရှိ အတိုက်အခံ သတင်းရပ်ကွက်တွေက ပြောပါတယ်။ KIO ခေါင်းဆောင်ပိုင်းနဲ့တော့ တိုက်ရိုက်မေးမြန်းခွင့် မရသေးပါဘူး။ ပြီးခဲ့တဲ့ ၃ ကြိမ်မြောက် ဆွေးနွေးမှုအတွင်း နယ်ခြားစောင့်ဖွဲ့ရေးအတွက် အဖွဲ့ဝင် ၇ ဦးပါ ကိုယ်စားလှယ်အဖွဲ့တခု ဖွဲ့ပေးမယ်၊ အဲဒီအဖွဲ့ကနေ ပြည်သူ့ဆန္ဒခံယူပြီး ဆက်လက်ဆောင်ရွက်မယ်လို့ KIO ဘက်က အကြောင်းပြန်ခဲ့တဲ့အတွက် ဒီကိစ္စထပ်မံ ဆွေးနွေးတာဖြစ်ကြောင်း၊ KIO ဒုဥက္ကဋ္ဌတဦးဖြစ်သူ ဗိုလ်ချုပ်ဇော်မိုင်က ဒီအဖွဲ့ကို ဦးစီးသွားတာဖြစ်ကြောင်း အဲဒီသတင်းရပ်ကွက်က ပြောပါတယ်။

KIO အပါဝင် တရုတ်နယ်စပ်ရှိ ငြိမ်းအဖွဲ့တွေအားလုံးကလည်း နယ်ခြားစောင့်တပ်ဖွဲ့ရေးဆိုတာကို ငြင်းဆိုနေကြပြီး ဒီကိစ္စဟာ လက်ရှိစစ်အုပ်စုနဲ့မဆိုင်ဘဲ ရွေးကောက်ပွဲကနေတက်လာမယ့် ဒီမိုကရေစီအစိုးရလက်ထက်ကျမှ လုပ်ရမှာဖြစ်တယ်လို့ အပစ်ခတ်ရပ်စဲရေးလုပ်ငန်းစဉ်က သဘောတူထားတယ်ဆိုပြီး ပြောဆိုနေကြောင်း တရုတ်နယ်စပ်ကလာတဲ့ သတင်းတွေအရ သိရပါတယ်။

# ကောက်ရိုးမီးတောက်ကို ကျော်လွန်၍ မီးကုန်ယမ်းကုန် အဆုံးသတ်တိုက်ပွဲဆီသို့

ခင်မမမျိုး

**ယခင်ပတ်အဆက်**

UN ဝင်ပါခိုတာထက် ထိုလမ်းကြောင်းကို အရှိန်မြှင့်သည်က နအဖ ခြေလှမ်းကို ပိုမိုရိုက်ချိုးဘို့ အသုံးဝင်သည်။ တပြိုင်နက်တည်းမှာပင် ပြည်တွင်းလူထုကို ဒီပွဲကတော့ ကိုယ့်ဘာသာကိုယ်လုပ်မှရမည်။ နိုင်ငံတကာကိုဘဲအားကိုးလို့မရဟူသော အခြေအနေမှန်ကို တင်ပြဘို့လိုလာပြီ။ ပြည်တွင်းစစ်မျက်နှာကို ဆက်တိုက်အရှိန်မြှင့်ရတော့မည်။ မျှော်လင့်ချက်မှားများမပေးလျှင် လူထုကသူ့ဘာလုပ်ရမည်ကို သူ့ဘာသာသူသိသည်။

ရှစ်ဆယ့်ရှစ်တုန်းက ယခုလောက် နိုင်ငံတကာအာရုံစိုက်မခံခဲ့ရပါ။ ကမှ အ အထိ အကွာရာစုံနိုင်ငံရေးအဖွဲ့များလည်း မပေါ်ပေါက်ခဲ့သေးပါ။ သို့ပေမယ့် ပြည်သူလူထုသည် နေဝင်း၏အာဏာရှင်စနစ်ကို ဖြိုနိုင်ခဲ့ကြပါသည်။ ထိုအခြေအနေများနှင့်စာလျှင် ယခုစစ်အုပ်စုလက်ထက်တွင် လူထုအား ဖိနှိပ်ခံရမှုက ထိုစဉ်က ထက်ပိုများပါသည်။ စိတ်ဓာတ်သာရှိမည်ဆိုလျှင် ယခင်ကထက်ငွေအားတောင့်တင်းမှုကို ကျားကန်ပေးနိုင်သော နိုင်ငံတကာရောက် စီးပွားရေးပြေလည်သူ မြန်မာများကလည်း ပေါ်ခဲ့ပြီ။ နိုင်ငံတကာအာရုံစိုက်ခံရမှုကလည်း ကြီးထွားနေခဲ့ပြီ။ နည်းပညာ၊ အတွေးအခေါ် ပံ့ပိုးပေးနိုင်မှုအားကလည်း ကြီးမားလာခဲ့ပြီ။ တခုဘဲ ဆုတ်ရုတ်နေတာရှိသည် အချက်အလက်ပေါ်တွင် အခြေပြုသည့်စဉ်းစားတွေးခေါ်မှုကို ဦးစားမပေးဘဲ စိတ်ကူးယဉ်ဖြစ်နိုင်ချေများက လွှမ်းမိုးမှု၊ နိုင်ငံတကာအပေါ်တွင် ကြီးမားလှစွာသော မျှော်လင့်ချက်ကြီးများထားရှိမှု၊ သူဘာလည်း ငါဘာလည်းနှင့် ပြိုင်ဆိုင်မှု၊ မိမိတို့အဖွဲ့အစည်းကိုသာ အာရုံစိုက်မြှင့်တင်မှု စသည်တို့ကြောင့်ဖြစ်သည်။

**နိဂုံး**

လွန်ခဲ့သောနှစ် နှစ်ဆယ်ကျော်ကာလကို ပြန်မြင်ယောင်ကြည့်လိုက်ကြပါ။ ဒီတုန်းက ယခုအဖွဲ့အစည်းများမှာ ပါဝင်နေသူအားလုံးသည် တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်းကျောင်းသားလေးများဖြစ်ပြီး အပျံသင်စငှက်ငယ်လေးများဖြစ်ခဲ့ပေမယ့် ထိုကျောင်းသားလေးများရဲ့ ရှေ့ဆုံးမှ ဦးဆောင်ချီတက်မှု လူထုစစ်ကြောင်းများနောက်မှာ ထောင်နဲ့ချီသောလူထုကြီးက စုပေါင်းညီညွတ်စွာ လိုက်လံပါဝင်ခဲ့ကြပါသည်။ ကျောင်းသားငယ်လေးများ၏ ကြွေးကြော်သံတိုင်တည်ပေးမှုများနောက်မှာ တညီတညွတ်တည်း သံပြိုင်ဟစ်ခဲ့ကြပါသည်။ ထိုစဉ်က လူထုကြီးပေးအပ်ခဲ့သည့် ယုံကြည်မှု၊ မျှော်လင့်ချက်များကို ယခုအချိန်အထိ ကျမတို့ပြည့်မီအောင် မလုပ်နိုင်ခဲ့သေးပါ။ ကျဆုံးခဲ့သူများရဲ့ ပေးဆပ်မှု၊ တာဝန်လွှဲပေးခဲ့မှုများကို တာဝန်ကျေအောင် ကျမတို့မထမ်းဆောင်ကြရသေးပါ။

သို့ပါ၍ အဖွဲ့အစည်းစွဲစိတ်ဓာတ်တွေကို ဖယ်ရှားကြပါစို့။ အပြိုင်အဆိုင်စိတ်များ ဂဏန်းကောင်များလို တဖွဲ့နဲ့တဖွဲ့၊ တယောက်နဲ့တယောက် ဆွဲချနေကြသောအပြုအမူများကို ဖယ်ရှားကြပါစို့။ ဖြစ်နိုင်ချေနည်းသော စိတ်ကူးယဉ်မှုများ၏ လွှမ်းမိုးမှု၊ နိုင်ငံတကာအပေါ်တွင် ကြီးမားလှစွာသော အားကိုးမှုများ၏ ဘောင်ခတ်မှုများကနေရုန်းထွက်ပြီး အချက်အလက်ပေါ်တွင် အခြေတည်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ကြပါစို့။

တဦးတယောက်ကအဆိုပြုလာမှုများကို သူကဘာလည်း ငါကဘာလည်း လိုက်မေးမယ့်အစား ပြောသူထက် အချက်အလက်ပေါ်မှာ စဉ်းစားမှုကိုအာရုံစိုက်ကြပါစို့။ မြေပေါ် မြေအောက်လှုပ်ရှားမှုများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ကြပါစို့။ မြေအောက်နဲ့မီဒီယာကိုမရောထွေးဘဲ တည်ဆောက်မှုပိုင်းကို အလေးထားကြပါစို့။ သံယောဇဉ်တွေ၊ မိတ်ဆွေတွေဆိုတာထက် နိုင်ငံရေးရပ်တည်ချက်ကိုသာ အာရုံစိုက်ပြီး ရန်၊ ငါ ပြတ်ကြပါစို့။ လူထုနဲ့တော်လှန်ရေးကို တသားတည်းဖြစ်စေရေးအတွက် ကျရာနေရာမှပါဝင်ဆောင်ရွက်ကြရင်း ကောက်ရိုးမီးတိုက်ပွဲမှသည် မီးကုန်ယမ်းကုန် အဆုံးသတ်တိုက်ပွဲဆီသို့ ဦးတည်ကြပါစို့။

☆☆☆☆☆

# ဒေါ်စုပုံတူရုပ်လွှာတပုံရေးဆွဲဂုဏ်ပြု

**RFA၊ ဂျွန် ၂၅။ ။** ထင်ရှားတဲ့အမေရိကန်အနုပညာရှင် Shepard Fairey က Freedom to Lead ဆိုတဲ့ခေါင်းစဉ်နဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုံတူရုပ်လွှာတပုံကိုရေးဆွဲပြီး ဂျွန်လ ၂၄ ရက် မနေ့ကစတင်ဖြန့်ချိခဲ့ပါတယ်။

အခုလိုရေးဆွဲတာဟာ မြန်မာနိုင်ငံဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ထောက်ပံ့တဲ့အနေနဲ့ဖြစ်ကြောင်းလည်း ပုံရဲ့အောက်မှာ "Support Human Rights" "Democracy in Burma" ဆိုတဲ့ စာတန်းနှစ်ခုကိုလည်း ရေးသားထားပါတယ်။ Shepard Fairey ဟာ ၂၀၀၈ ခုနှစ်က အမေရိကန်သမတလောင်း အိုဘားမားမဲဆွယ်ပွဲအတွက် မျှော်လင့်ချက် "Hope" ဆိုတဲ့ခေါင်းစဉ်နဲ့ အိုဘားမားရဲ့ပုံတူရုပ်ပုံလွှာကို ရေးဆွဲခဲ့သူ အနုပညာရှင်အဖြစ် နာမည်ကျော်ကြားနေသူပါ။

Shepard က ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံကို ရေးဆွဲခဲ့ရာမှာလည်း သမတအိုဘားမားရုပ်ပုံလွှာတုန်းကလိုဘဲ ကြည်လင်ပြတ်သားတဲ့ လိုင်းမာတွေနဲ့ရေးဆွဲပြီး ဒီပုံမှာတော့ အနီနဲ့အနက်ရောင်ကိုအသုံးပြုထားပါတယ်။ Shepard Fairey နဲ့ပတ်သက်ပြီး US Campaign for Burma အဖွဲ့က Jeremy Woodrum က Shepard ဟာအမေရိကန်ပြည်ထောင်စုမှာ အထင်ရှားဆုံးအနုပညာရှင်တွေထဲက တဦးပါ။ အထူးသဖြင့် တက်ကြွတဲ့လူငယ်ထုတွေက သူ့လက်ရာကိုနှစ်သက်ကြပါတယ်။ သမတအိုဘားမားရုပ်ပုံလွှာဆွဲပြီးတဲ့နောက်မှာ သူက ဒေါ်အောင်ဆန်းစုကြည်ပုံကိုဆွဲဘို့ စီစဉ်ခဲ့တာပါလို့ Jeremy ကပြောသွားပါတယ်။

မြန်မာ့လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး ၁၀ နှစ်ကျော်ဆောင်ရွက်နေခဲ့တဲ့ Jack Heaoey ကလည်း ပန်းချီဆရာ Shepard အခု ဒေါ်အောင်ဆန်းစုကြည်ပုံ ရေးဆွဲခဲ့တာဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြည်သူတွေလွတ်မြောက်ရေးနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့အပေါ် အာဏာလွှဲပြောင်းရေးတို့အတွက် ထောက်ခံတဲ့သဘောပြတာလို့ ထင်မြင်ကြောင်းပြောသွားပါတယ်။ ဒီ ဒေါ်အောင်ဆန်းစုကြည် ရုပ်ပုံလွှာကို ကမ္ဘာတဝန်းဆက်လက်ဖြန့်ချိသွားမယ်လို့လည်း သိရပါတယ်။

# ဂျွန်ယက်တောအမှုသတင်းစာရှင်းပွဲပြုလုပ်

**RFA၊ ဂျွန် ၂၅။ ။** ဒေါ်အောင်ဆန်းစုကြည်အမှုမှာ တရားခံတဦးအဖြစ် စွပ်စွဲခံထားရတဲ့ အမေရိကန်နိုင်ငံသား John William Yettaw ဟာ နောက်ကွယ်မှာ ထိုင်းနိုင်ငံအခြေစိုက် အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ဆက်နွယ်မှုရှိနေတယ်လို့ မြန်မာစစ်အစိုးရ ရဲချုပ်က ဒီကနေ့ဂျွန်လ ၂၅ ရက်နေ့မှာ စွပ်စွဲပြောကြားလိုက်ပါတယ်။

John Yettaw အကြောင်း ရည်ရွယ်ပြောကြားတဲ့ သတင်းစာရှင်းလင်းပွဲတခုကို ဒီကနေ့ နေ့လည်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးပြတိုက်မှာ မြန်မာစစ်အစိုးရ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီကဦးဆောင်ပြီး ကျင်းပရာမှာ ဗိုလ်မှူးချုပ်ခင်ရီက အခုလိုစွပ်စွဲလိုက်တာဖြစ်ပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲမှာ နောက်ကွယ်က အဖွဲ့အစည်းကိုနာမည်နဲ့ထုတ်ဖော်ပြောဆိုတာမရှိပေမယ့် ထိုင်း–မြန်မာနယ်စပ် မဲဆောက်မှာ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ၊ အောက်တိုဘာတွေမှာနေထိုင်စဉ် မဲဆောက်မြို့က နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအဖွဲ့ AAPP က တွဲဘက်အတွင်းရေးမှူးကိုဘိုကြည်နဲ့ တွေ့ဆုံခဲ့ကြောင်း ရဲချုပ်ခင်ရီကပြောပါတယ်။

ဒီသတင်းစာရှင်းလင်းပွဲမှာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီရဲ့ခရီးစဉ်နဲ့ပတ်သက်လို့မေးမြန်းရာမှာ သူ့အနေနဲ့မသိရှိကြောင်း၊ မြောက်ကိုရီးယားသင်္ဘောနဲ့ပတ်သက်လို့မေးခွန်းကိုလည်း မနေ့ကသတင်းစာမှာထုတ်ပြန်ထားတဲ့အတိုင်းဘဲဖြစ်ကြောင်းသာ ဖြေကြားခဲ့တယ်လို့ သိရပါတယ်။

# ဆံပင် လှူဒါန်းပြီး ရရှိတဲ့ငွေနဲ့ လမ်း–တံတားများအား ပြန်လည်ပြုပြင်

**Mizzima | ဇွန် ၂၃ ။** ။ မန္တလေးမြို့မှစေတနာရှင် ၆ သောင်းကျော်က ဆံပင်ဖြတ်၍လှူဒါန်းသည့်ပိဿာချိန် ၁,၂၃၁ ကိုရောင်းချပြီး ရရှိတဲ့ငွေနဲ့ စစ်ကိုင်းတိုင်းအတွင်းရှိ အလောင်းတော်ကဿပဘုရားကြီးသို့ သွားရာလမ်းနှင့်လမ်းတလျှောက် ပျက်ဆီးနေသောတံတားများပြုပြင်ရန် အခုလ ၇ ရက်နေ့က လှူဒါန်းခဲ့ပါတယ်။

မန္တလေးတိုင်း၊ အောင်မြေသာစံမြို့နယ်ရှိ နဂါးပရိယတ္တိစာသင်တိုက်မှ ရွှေဆံနွယ်အကျိုးတော်ဆောင် ဆရာတော်အရှင်ဝါယမနန္ဒ B.A Buddhism ရဲ့ဦးဆောင်မှုနဲ့ မြို့သူမြို့သားများလှူဒါန်းတဲ့ ဆံပင်များကို ဘုရားကြီးသို့သွားရောက်ရာ ယင်းမာပင်နှင့်ပုလဲမြို့နယ်ကြား လယ်ဝေါက်–ချင်ပင်လမ်းနှင့် ယင်းလမ်းမှာပျက်ဆီးယိုယွင်းနေတဲ့ တံတားများကိုပြုပြင်ရန် လှူဒါန်းလိုက်တာဖြစ်ပါတယ်။

"အလှူခံလိုက်တာ ငွေသားလည်းလှူကြတယ်၊ အများစုက ဆံပင်ကိုအဓိက ထားလှူကြတယ်။ ငွေသားချည်းဘဲ သိန်းပေါင်း ၂၅၀ ကျော်လောက်အလှူခံရရှိခဲ့ပြီး လူပေါင်း ၆ သောင်းကျော်က ဆံပင်ပိဿာချိန်ပေါင်း ၁,၂၃၁ ပိဿာ လှူဒါန်းခဲ့ကြပါတယ်။" လို့ ဓမ္မဓရဆံပင်အလှူခံအဖွဲ့မှ စေတနာ့ဝန်ထမ်းကိုထက်ငြိမ်းချမ်းကပြောပြပါတယ်။ ဆံပင်အလှူခံဌာနကို ပြီးခဲ့တဲ့ မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ နဂါးကျောင်းတိုက်ရှိ သိမ်းတော်ကြီးမှာဖွင့်လှစ်ခဲ့ပြီး တလအတွင်း ကောက်ခံရရှိတဲ့ဆံပင်များနဲ့ ငွေသားများကို စာရင်းအင်းနဲ့တကွ သက်ဆိုင်ရာဒေသတွင်းရှိ သံဃာတော်များဦးဆောင်တဲ့ လမ်းပြုပြင်ရေးအကျိုးတော်ဆောင်တွေထဲ အပ်နှံခဲ့ပါတယ်။

တရုတ်ဈေးကွက်မှာ ဆံပင်တွေကိုရသမျှဝယ်ယူနေရာမှာ ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်မြို့မှာ အရည်အသွေးရှိတဲ့ ဆံပင်တပိဿာကို ကျပ်ငွေ ၂ သိန်းခန့်ပေါက်ဈေးရှိရာ အခုရရှိတဲ့ဆံပင်ပိဿာချိန် ၁,၂၃၁ အတွက် ကျပ်သိန်းပေါင်း ၁,၈၀၀ ကျော်ရရှိနိုင်ကြောင်း ကိုမင်းထက်ငြိမ်းချမ်းက ခန့်မှန်းပြောဆိုပါတယ်။ အနည်းဆုံး ၁၀ လက်မခန့်ရှည်လျားတဲ့ ဆံပင်တွေကိုသာအဓိကထား အလှူခံသော်လည်း လှူဒါန်းသူတွေကရှိစုမဲ့စုဆံပင်တွေကိုပါပေးလှူခဲ့ကြပြီး အလှူခံအဖွဲ့က ဂုဏ်ပြုမှတ်တမ်းများ၊ တရားတိတ်ခွေနှင့်စီဒီချပ်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း မြို့ခံတဦး ကပြောပြပါတယ်။

ထို့အပြင် မန္တလေးမြို့ခံ ဆရာတော်တပါးကလည်း "ဆံပင်ကိုရောင်းလိုက်တဲ့အခါ ငွေဖြစ်မယ်ဆိုတာကို သိလို့လှူကြတာကိုး။ ကောင်းမှုကုသိုလ်ရပါတယ်။ လမ်းလုပ်ဘို့အတွက်ရည်မှန်းပြီး လှူဒါန်းကြတာဆိုတော့။" လို့ မိန့်ကြားပါတယ်။

အဆိုပါ လမ်း–တံတားအပျက်အဆီးများကိုပင် မှီခိုရတဲ့ဒေသတွင်း ကျေးရွာပေါင်း ၆၀ ကျော်မှ လူပေါင်း ၅ သောင်းကျော်ရဲ့ပညာရေး၊ ကျန်းမာရေးနဲ့ လူနေမှုဘ ဝနိမ့်ကျခဲ့ကြောင်းနဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက် မသေဆုံးသင့်ဘဲ သေဆုံးရသူများပင်ရှိခဲ့ဘူးကြောင်း ဒေသခံတဦးဇင်းတဦးရဲ့အတွေ့အကြုံကို စေတနာ့ဝန်ထမ်း ကိုမင်းထက်ငြိမ်းချမ်းက အခုလို ပြောပြပါတယ်။

"အခု လမ်းပြုပြင်ရေးမှာ ပါဝင်ဦးစီးနေတဲ့ ဆရာတော် ဦးဝေပုလ္လ မိန့်ကြားတာပေါ့နော်၊ မီးဖွားဖို့ အခက်အခဲဖြစ်နေတဲ့ အမျိုးသမီးတဦး သူဆီလာတဲ့ လိုင်းကားနဲ့ဆေးရုံပို့တော့ လမ်းကမောင်းရတာခက်ခဲတဲ့အတွက် တနာရီခွဲကြာသွားတဲ့အခါမှာ အဲဒီအမျိုးသမီး မီးမဖွားနိုင်ဘဲ အသက်ဆုံးရှုံးသွားရတာကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရတယ်တဲ့"။

ဒီဖြစ်ရပ်အပြီး ပျက်စီးနေသော လမ်း–တံတားများအား ပြန်လည်ပြုပြင်ရန်အတွက် နယ်ခံဆရာတော်များ စုဝေးတိုင်ပင်ကာ ဒေသခံများနဲ့အတူ အလှူငွေများ ထည့်ဝင်ကြရာ ကျပ်သိန်း ၇၀၀ ကျော်ရရှိခဲ့ပြီး ကိုယ်ထူကိုယ်ထ နည်းနဲ့စတင်ပြုပြင်ခဲ့ကြတာဖြစ်ပါတယ်။ ပြုပြင်ဆဲကာလအတွင်း ငွေကြေး မလုံလောက်လို့ ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် ခက်ခဲနေချိန်မှာ ပုထိုးသာနဲ့ရွာနောင်ကျေးရွာများမှ အမျိုးသမီးများက ငွေကြေးလှူဒါန်းရန် မတတ်နိုင်တာကြောင့် ငွေပေါ်နိုင်တဲ့ ဆံပင်များကို ဖြတ်၍ လှူဒါန်းခဲ့တာဖြစ်ပါတယ်။

အဲဒီနောက် ဆံပင်လှူတဲ့ အောင်ပွဲကို ကျင်းပရာ မန္တလေးရှိ နဂါးပရိယတ္တိစာသင်တိုက်မှာ နည်းပြစာချနေတဲ့ ဒေသခံဆရာတော် အရှင်ဝါယမနန္ဒကိုလည်း ပင့်ဖိတ်ကာ ရေစက်ချတရားပွဲ ကျင်းပခဲ့ပြီးနောက် ဆရာတော်က မန္တလေးမြို့မှာ ပြီးခဲ့တဲ့ မေလ တလလုံး နဂါးကျောင်းတိုက်မှာ ဆံပင်အလှူဌာနခွဲ ဖွင့်လှစ်ကာ အကျိုးဆောင်ပေးခဲ့တာဖြစ်ပါတယ်။ မန္တလေးမှ အလှူရှင်အမျိုးသမီးတဦးက "ဘုရားကိုသွားတဲ့လမ်းမှာ တံတားဆောက်ဖို့အတွက် အလုပ်အကိုင်က အဆင်မပြေတော့ လက်ထဲမှာလှူစရာငွေမရှိဘူးလေ၊ အဲဒါနဲ့ ငွေသားအစား ဆံပင်ကိုဖြတ်လှူလိုက်တာ" လို့ ပြောပြပါတယ်။

အခုအခါ ပျက်စီးနေတဲ့ လမ်းပိုင်း ၁၈ မိုင်အနက် ၉ မိုင်ခန့်ကို မြေသားလမ်းအဖြစ် ပြုပြင်နိုင်ခဲ့ပြီး၊ တံတားပေါင်း ၁၈ စင်းအနက် ၈ စင်းခန့်ကို ကွန်ကရစ်တံတားအဖြစ် ပြုပြင်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ လမ်း–တံတားများကို အခုနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမယ်လို့သိရပါတယ်။ အလောင်းတော်ကဿပဘုရားသည် စစ်ကိုင်းတိုင်း မုံရွာမြို့ အနောက်ဖက်ကမ်းရှိ ညောင်ပင်ကြီး ကျေးရွာမှ ၄၅ မိုင်အကွာမှာ တည်ရှိပြီး ဘုရားသို့သွားရောက်ရန် မြေသားလမ်း ၂ လမ်းရှိသော်လည်း အခု နွေရာသီ၌သာ အသုံးပြုနိုင်ခဲ့ပါတယ်။

---

# ၁၄ နှစ်အရွယ်ကလေးငယ်ကိုမိဘထံပြန်မအပ်သေး

**RFA | ဇွန် ၂၃ ။** ။ ရန်ကုန်တိုင်း၊တွံ့တေးမြို့နယ်က အသက် ၁၄ နှစ်အရွယ် ကလေးပျောက်သွားလို့ လိုက်ရှာရာမှာ စစ်သားစုဆောင်းရေးမှာရောက်နေတယ်လို့ သိရပါတယ်။

အဲဒီကလေးကတော့ သန်းပင်စမ်းရွာက ဦးမြသန်း–ဒေါ်ကြူကြူမာတို့ရဲ့သား မောင်ဇင်မင်းအောင်ဖြစ်ပြီး မေလ ၃၁ ရက်နေ့၊ တနင်္ဂနွေနေ့ညနေပိုင်းမှာ ပျောက်သွားခဲ့တာပါ။ လိုက်လံစုံစမ်းတဲ့အခါ စစ်သားစုဆောင်းရေးတပ်က စစ်သားသစ်နာမည်စာရင်းမှာ သွားတွေ့ခဲ့ရပုံကို မိခင်ဒေါ်ကြူကြူမာက အခုလိုပြောပြပါတယ်။

"ကျမသားပျောက်လို့ လိုက်ပြီးစုံစမ်းတော့ ၆ လပိုင်း ကြာသပတေးနေ့မှာ သတင်းရတယ်။ တပ်ရင်း ၇၀ တပ်ကြပ်ကြီးဦးဝင်းမြင့်က ကျမသားလေးကိုခေါ်သွားတဲ့သတင်းရတော့ ကျမသွားစုံစမ်းပြန်တော့ စစ်တပ်ထဲမှာလည်းဘာမှသတင်းမရဘူး။ အဲဒီတော့ ကျမဟိုလူမေး၊ ဒီလူမေးနဲ့ ဒညင်းကုန်းစုဆောင်းရေးတပ်ကို ကျမတို့ရောက်သွားတယ်။

ရောက်သွားတော့ ဒညင်းကုန်းစုဆောင်းရေးတပ်မှာ ၆ လပိုင်း၊ ၁ ရက်နေ့မှာ ကျမသားနာမည်သွားတွေ့တယ်။ ကျမသူ့ရဲ့မိဘပါလို့ပြောတော့ အဲဒီမှာအဝင်ရှိတယ်ဆိုတော့ အထဲမှာကျတော့ ကျမသားမရှိဘူးတဲ့။ ပေါင်ကလည်း ၈၆ ပေါင်ဘဲရှိတယ်တဲ့၊ အသက်ကလည်းငယ်တယ်တဲ့။ ဆေးကလည်းမအောင်လို့ တပ်ကြပ်ကြီးဝင်းမြင့်နဲ့ပြန်ထည့်ပေးလိုက်တယ်တဲ့။ ကျမသားနဲ့သူ့သူငယ်ချင်း မောင်ဇော်နဲ့ကို ပြန်ထည့်ပေးလိုက်တယ်တဲ့။"

"ကျမတို့ သူက ၂၃ ရက်နေ့အထိကိုစောင့်ပေးပါ၊ ခေါ်ပေးပါမယ်လို့ပြောထားပါတယ်။ အခုအချိန်အထိ ဘာသတင်းမှမရတဲ့အပြင် ကျမတို့ဆီကိုစာလာသေးတယ်။ ဦးဝင်းမြင့်ဆီက။ ဥက္ကဌဆီကတဆင့် ကျမတို့ကိုပေးခိုင်းတာပါ။ သို့ ဥက္ကဌပေါ့ ဇင်းမင်းအောင် အဖေနဲ့အမေ အိမ်ကိုလွှတ်လိုက်ပါပေါ့၊ တိုက်ခန်းကိုပေါ့၊ မလာက မိမိရဲ့တာဝန်ဆိုပြီး ကျမတို့ကိုအဲလိုရေးပေးခဲ့ပါတယ်။ ကျမတို့မတွေ့ရဲပါဘူး။ သွားတဲ့အခါကျကြောက်လို့ သူ့ကို။"

ဒီကနေ့ ပြန်ပို့ပေးမယ်ဆိုတဲ့ ဇွန်လ ၂၃ ရက်နေ့ဖြစ်ပါတယ်။ ညနေ ၆ နာရီအထိ ကလေးအိမ်ပြန်ရောက်မလာသေးဘူးလို့ သိရပါတယ်။ မောင်ဇင်မင်းအောင်ဟာ နှလုံးပေါက်ကျယ်ရောဂါရှိပြီး ကျန်းမာရေးမကောင်းတာကြောင့် မိသားစုမှာစိုးရိမ်ပူပန်နေရတယ်လို့လည်း ဆိုပါတယ်။

ဒီတိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 429 May 31, 2009



# ကေအဲန်ယူ တပ်မဟာ ၇ ဌာနချုပ်ကို နအဖတပ်က သိမ်းပြီဟု သတင်းထွက်ပေါ်

**DVB l ၂၅ဇွန် ၂၀ ll** စစ်အုပ်စုနဲ့ ဒီကေဘီအေ ပူးပေါင်းတပ်ဖွဲ့တွေက ကေအန်ယူ ကရင် အမျိုးသားအစည်းအရုံးတပ်စခန်းတွေကို ဆက်လက်ထိုးစစ်ဆင်နေပြီး ဒီနေ့ဆိုရင် တပ်မဟာ ၇ ဌာနချုပ်စခန်းကိုတောင် နအဖကသိမ်းလိုက်ပြီလို့ ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ သတင်းတွေ ထွက်ပေါ်နေပါတယ်။

ကေအန်ယူ တွဲဘက်အတွင်းရေးမှူး ဗိုလ်မှူးကြီးစောလှငွေက ဒီသတင်းကို အတည်ပြုဖို့ ငြင်းဆိုပြီး ပျောက်ကြားတိုက်ပွဲတွေ ရှိနေဆဲဖြစ်တယ်လို့ တုံ့ပြန်ပြောဆိုပါတယ်။

"တိုက်ပွဲက ဒီနေ့ တပ်မဟာ ၇ ဌာနချုပ် အနေနဲ့ ဘောကွင်းဘက်၊ သရက်ပင်တွေရှိတဲ့ဘက် ဝင်လာတယ်လို့ ပြောတာပဲ။ ထိုင်းဘက်ကတော့ အဲဒီနေရာမှာရှိတဲ့ အဆောက်အဦးတွေ မီးရှို့တယ်လို့ပြောတာပဲ။ ကျနော်သွားပြီး အနီးဆုံးနေရာမှာရှိတဲ့လူတွေ ဖမ်းချိတ်ကြည့်တော့ အဲဒီမှာ ဒီနေ့တနေ့လုံး မီးရှို့တဲ့ဖြစ်စဉ်မရှိဘူး။ အဲ့ဒီနေရာအတွက် ကျနော်တို့ ဖွင့်ထားတဲ့နေရာလည်းပဲ သူတို့အစည်းအဝေးနဲ့သူတို့ ရှင်းပြီးဝင်လာရတာကိုး။ သူတို့လဲ ပုံးတွေဘာတွေ ကြောက်တယ်ထင်တယ်။ တလမ်းချင်း ရှေ့မှာရှင်းပြီး ဝင်လာပုံရတယ်။ ၁၀၁ ခွင် ဝင်သွားပြီး နောက်က ၂၁ ခွင်မှာ သူတို့ အခုထက်ထိ တချို့နေရာတွေမှာ ဝင်ထားတယ်။ အခု တပ်မဟာဌာနချုပ်အဆောက်အဦးရှိတဲ့နေရာတော့ ရောက်တယ်။ ဒါပေမယ့် အကုန်သိမ်းတယ်လို့ ပြောလို့မရသေးဘူး။"

ကေအန်ယူလက်အောက်မှာ တပ်မဟာ ၇ ခု ရှိပြီး အခြားတပ်မဟာတွေမှာလည်း တိုက်ပွဲတွေဖြစ်နေကြောင်း၊ တပ်မဟာ ၇ ကတော့ ခံစစ်သဘောမျိုး စခန်းထိုင်နေရာ အတိအကျရှိနေတဲ့အတွက် နအဖဘက်က နေရာသိမ်း ဝါဒဖြန့်စစ်ဆင်ရေးလုပ်ဖို့ အကွက်ကောင်းဖြစ်စေခဲ့တယ်လို့ စောလှငွေက ဆိုပါတယ်။ ဒါကြောင့် ခံစစ်သေစနစ်ကိုစွန့်ပြီး ပျောက်ကြားစစ်နဲ့ ဆက်လုပ်သွားမယ်၊ တိုက်ပွဲနဲ့ဖိ၊ စခန်းတွေကိုသိမ်း၊ လူထုကို ဒုက္ခသည်စခန်းဆီမောင်းထုတ်တဲ့ ဖိအားပေးမှုမျိုးနဲ့ သူတို့ကို လက်နက်ချဖို့ ဖိအားပေးတာမျိုးကို လက်မခံဘဲ တန်းတူရည်တူ အခွင့်အရေးရမှ စစ်အုပ်စုနဲ့ ဆွေးနွေးနိုင်မယ်လို့ စောလှငွေက ပြောပါတယ်။ စစ်အုပ်စုဖက်က စစ်ရေးအရ အခုလို ဖိအားပေးမှုအပြင် ကေအန်ယူ အတွင်းရေးမှူးဟောင်း ပဒိုမန်းရှာကို လုပ်ကြံသလိုမျိုး အကြမ်းဖက်သတ်ဖြတ်တဲ့ နည်းနဲ့ပါ လုပ်မယ့်အစီအစဉ် ရှိနေဆဲဖြစ်ကြောင်း၊ ပြီးခဲ့တဲ့သီတင်းပတ်တွင်းက အဲဒီလိုလုပ်ကြံမယ့် အဖွဲ့တဖွဲ့ကို ထိုင်း အာဏာပိုင်တွေက ဖမ်းဆီးမိခဲ့တယ်လို့ စောလှငွေက ပြောပါတယ်။

"၁၁ ရက်နေ့ ထဆောင်းရမ်းမြို့နယ် နို့ဘိုးရွာအဝင်လမ်းဆုံ ထိုင်းစစ်တပ်မှာ ဒီကေဘီအေ ၂ ဦးပါ ကားတစီးကို ဖမ်းဆီးမိတာ။ ကားပေါ်မှာ ပွိုင့်ဖိုးဖိုက် အသံတိတ်သေနတ် တလက်၊ ကားမောင်းသူက ထိုင်းရိုင် ယာဉ်မောင်းတဦးတဲ့။ ကျနော်တွက်ဆကြည့်တာက ဒီရက်အတောအတွင်းမှာ ကျနော်တို့ဘက်က ဗဟိုဌာနချုပ်မှာရှိတဲ့ စစ်တပ်ခေါင်းဆောင်တွေ၊ တပ်မဟာမှူးတွေ အဲဒီမှာ ရှိမယ်ဆိုတော့ အဲဒီလူတွေကများ ထိုင်းဘက်ကို ဝင်လာရင် သော်လည်းကောင်း၊ အသွားအလာလုပ်မယ့်သဘော သော်လည်းကောင်းရှိနိုင်တယ်လို့ သူတို့ တွက်ဆပြီး လာစောင့်တဲ့သဘော။ လိုက်ရှာတဲ့ သဘောပေါ့။ တွေ့ရင်တော့ သူတို့ရှင်းမယ်ဆိုတဲ့ သဘောပေါ့လေ။"

တိုက်ပွဲတွေဖြစ်နေလို့ နယ်စပ်က ရွာသားတွေ ထိုင်းနိုင်ငံထဲ ဝင်ပြေးရတဲ့အပြင် နအဖထိန်းချုပ်မှုအောက်ရှိ ကရင်ရွာတွေမှာလည်း ပေါ်တာဆွဲတာ၊ လှည်းနွား ချောဆွဲတာတွေ များလာနေတဲ့အတွက် ကရင်ရွာသားတွေ ထိုင်းဘက်ထွက်ပြေးတာ အခုသတင်း ၃ ပတ်ခန့်အတွင်း ၄ ထောင်ကျော်ရှိနေပြီလို့လည်း ဗိုလ်မှူးစောလှငွေက ပြောပါတယ်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


To

AIR MAIL

PRINTED MATTER